mgyoe.com SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

လက်ဝဲနော်ရထာ
(စည်သူကျော်ထင်)
မေးလျှောက်၍
တောင်တွင်းဆရာတော်
ဖြေဆိုအပ်သော

# လက်ဝဲနော်ရထာလျှောက်ထုံး

ရာဇရေး၊ လူမှုရေး၊ ဘာသာရေး
သိမှတ်ဖွယ်ရာ ခရာခဲဆစ်များကို
ကြံ၍ဖန်၍
မေးထား၊ ဖြေထားသော
မှတ်သားစရာ
အမေး၊ အဖြေများ ဖြစ်သည်။

mgyoe.com

တတိယအကြိမ်



mgyoe.com

mgyoe.com
SAMPLE BOOK

တန်ဖိုး
၄၀၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

စတုတ္ထအကြိမ်
၂၀၁၉ ခုနှစ် ဇန်နဝါရီလ

မျက်နှာဖုံး
မင်းဟန်

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၁၄-အေ၊ ၅၆ လမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
ထိပ်တန်း-မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

လက်ဝဲနော်ရထာ(စည်သူကျော်ထင်)မေးလျှောက်၍
တောင်တွင်းဆရာတော်ဘုရား ဖြေဆိုအပ်သော

# လက်ဝဲနော်ရထာ လျှောက်ထုံး

ရာဇရေး,လူမှုရေး,ဘာသာရေး သိမှတ်ဖွယ်ရာ ခဲရာခဲဆစ်များကို
ကြံ၍ဖန်၍ မေးထားဖြေထားသော မှတ်သားစရာ အမေး,အဖြေများဖြစ်သည်။

စာအုပ်အကြောင်း

- ပထမအကြိမ်-၁၉၂၅ ခုနှစ်
  ဟံသာဝတီပုံနှိပ်တိုက်
- ဒုတိယအကြိမ်-၁၉၆၃ ခုနှစ် ဒီဇင်ဘာလ
  ဟံသာဝတီပုံနှိပ်တိုက်
- တတိယအကြိမ်-၂၀၁၃ ခုနှစ် ဇန်နဝါရီလ
  ပန်းရွှေပြည်စာအုပ်တိုက်
- စတုတ္ထအကြိမ်-၂၀၁၉ ခုနှစ် ဇန်နဝါရီလ
  ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com
SAMPLE BOOK

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✡ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

✡ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

✡ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

✡ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

✡ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

✡ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✡ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

✡ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

✡ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

mgyoe.com

mgyoe.com
SAMPLE BOOK

## မာတိကာ


* လျှောက်ထုံးဟူသည်-ဦးအောင်သောင်း(မြန်မာစာပါမောက္ခ-ငြိမ်း) ၁

* ကျမ်းဦးပဏာမဂါထာပါဠိအနက် ၁၃

၁- ပထမ ပုစ္ဆာ ၄ ချက် ၁၆

■ အလှူဒါနအကျိုး သေသူ ရ,မရ။- အဖြေ ၁၈

■ အဗ္ဘန္တရသရက်သီးစား၍ နုပျိုခြင်း ဖြစ်,မဖြစ်။- အဖြေ ၁၉

■ နတ်နှင့်လူတို့ ယခုအခါ တွေ့,မတွေ့။- အဖြေ ၂၀

■ အသက်အသချေ်ယျတမ်း၌ ရုပ်သဏ္ဌာန် ကြီး,မကြီး။- အဖြေ ၂၁

၂- ဒုတိယ ပုစ္ဆာ ၄ ချက် ၂၂

■ ပဏ္ဏာသဇာတ်များ ဘုရားဟော ဟုတ်,မဟုတ်။- အဖြေ ၂၄

■ မဇ္ဈိမဒေသ၌ တရုတ်ပြည် ဝင်,မဝင်။- အဖြေ ၂၄

■ လယ်ကိုင်းမြို့ ကောသမ္ဗီ ဟုတ်,မဟုတ်။- အဖြေ ၂၅

■ ကမ္ဘာ၁သိန်းလွန်လျှင် အကုသိုလ်ကံ ပျောက်,မပျောက်။- အဖြေ ၂၆

၃- တတိယ ပုစ္ဆာ ၄ ချက် ၂၈

■ စကြာရတနာ အခြင်းအရာ မည်သို့ရှိသည်။- အဖြေ ၃၀

■ ဘီလူးတို့ပဋိသန္ဓေ မည်သို့ရှိသည်။- အဖြေ ၃၃

■ ငုပ် ၉ ပါး, ပေါ် ၉ ပါး ဟုတ်,မဟုတ်။- အဖြေ ၃၄

■ ဓာတ်တော်,မွေတော်များ ပြောင်း,မပြောင်း။- အဖြေ ၃၄

၄- စတုတ္ထ ပုစ္ဆာ ၄ ချက် ၃၆

■ နေ, လဗိမာန် အလုံး,အလျား ဟုတ်,မဟုတ်။- အဖြေ ၃၈

■ ကြယ်ပျံခြင်းမှာ နတ်ဘုံကွယ်ခြင်း ဟုတ်,မဟုတ်။- အဖြေ ၃၉

mgyoe.com SAMPLE BOOK


■ ကေသရာဇာခြသေ့် ပမာဏ မည်သို့ရှိသည်။- အဖြေ ၃၉
■ ဂြိုဟ်နက္ခတ်တို့ လက်ယာရစ် လည်,မလည်။- အဖြေ ၄၁
၅- ပဉ္စမ ပုစ္ဆာ ၆ ချက် ၄၂
■ ခုဝံကြယ် ဝေဇယန္တာပြာသာဒ်အထွတ် ဟုတ်,မဟုတ်။- အဖြေ ၄၄
■ မြင်းမိုရ်အတိုင်းအတာ မည်သို့ဖြစ်သင့်သည်။- အဖြေ ၄၄
■ ပလ္လင်တော် အစောက် အမြင့် ရှိ,မရှိ။- အဖြေ ၄၅
■ ရဟန်းတို့က အလှူပေးသင့်,မပေးသင့်။- အဖြေ ၄၆
■ အနဝတတ်အိုင် ဆင်ခံတွင်း ဟုတ်,မဟုတ်။- အဖြေ ၄၇
■ ယခုအခါ အနာဂါမ် ရှိနိုင်,မရှိနိုင်။- အဖြေ ၄၇
၆- ဆဋ္ဌမ ပုစ္ဆာ ၁ ချက် ၄၈
■ အခေါဘိဏီ မည်မျှရှိသည်။- အဖြေ ၄၉
၇- သတ္တမ ပုစ္ဆာ ၂ ချက် ၅၂
■ မာယာ ၄၀ မည်သို့ရှိသည်။- အဖြေ ၅၃
■ ကာမေသု မိစ္ဆာစာရကံ မည်သူတို့ထိုက်သည်။- အဖြေ ၅၇
၈- အဋ္ဌမ ပုစ္ဆာ ၅ ချက် ၆၁
■ တေဒဂ်ထားတော်မူရင်း ပါဠိအနက် မည်သို့ရှိသည်။- အဖြေ ၆၄
- ရဟန်းယောကျ်ား တေဒဂ်ရ ၄၁ ၇၄
- ရဟန်းမိန်းမ တေဒဂ်ရ ၁၃ ၉၁
- လူယောကျ်ား တေဒဂ်ရ ၁၀ ၉၄
- လူမိန်းမ တေဒဂ်ရ ၁၀ ၉၉
■ မနုဓမ္မသတ်စကား သင်္ဂါယနာဝင် ဟုတ်,မဟုတ်။- အဖြေ ၁၀၃
■ ခြသေ့်ပမာဏ မည်သို့ရှိသည်။- အဖြေ ၁၀၃
■ မည်သည့်အကြောင်းကြောင့် မည်သို့မည်ပုံမိုးရွာသည်။- အဖြေ ၁၀၄
■ တက္ကသိုလ်ပြည်တွင် ယခုအခါ ပညာသင်နိုင်,မသင်နိုင်။- အဖြေ ၁၀၅



mgyoe.com

mgyoe.com SAMPLE BOOK

၉- နဝမ ပုစ္ဆာ ၁ ချက် ၁၀၇
- နာဋ္ဌာဂိရိဆင်ကို အရှင်အာနန္ဒာ မည်သို့ကာကွယ်သည်။- အဖြေ ၁၀၈

၁၀- ဒသမ ပုစ္ဆာ ၂ ချက် ၁၀၉
- နာဠာဂိရိဆင် ဆုံးမတော်မူပုံကိုဖွဲ့ဆိုသော ဂါထာပါဌ်အနက် ၁၁၁
- ပါရမီဖြည့်ရာဘဝ ကောင်းကင်ကြယ်မျှပမာဏရှိ
  ဟုတ်,မဟုတ်။- အဖြေ ၁၁၅

၁၁- ဧကာဒသမ ပုစ္ဆာ ၇ ချက် ၁၁၉
- ကြာတော်ခြွရှာသောမိုး မည်သို့ရှိသည်။- အဖြေ ၁၂၂
- 'ထက်စည်'ကား မည်သို့ရှိသည်။- အဖြေ ၁၂၂
- သုသညာအနက် မည်သို့ရှိသည်။- အဖြေ ၁၂၂
- နတ်ဝင်သည် ရှိ,မရှိ။- အဖြေ ၁၂၃
- တာဝတိံသာနတ် ရဟန္တာဖြစ်လျှင်
  ၇ရက်အတွင်း စုတေ,မတေ။- အဖြေ ၁၂၃
- တိတ္ထိတို့ ကမ္ဘာ ၄၀ မြင်သည် ဟုတ်,မဟုတ်။- အဖြေ ၁၂၄
- ဖုတ်သွင်းရထား မည်သည့်အရာဖြင့်သွားသည်။- အဖြေ ၁၂၄

၁၂- ဒွါဒသမ ပုစ္ဆာ ၅ ချက် ၁၂၅
- မည်သည့်နေ့ရက်တွင် ဝါကျွတ်သည်။- အဖြေ ၁၂၉
- ဥစ္စာသယန မဟာသယန အတိုင်းအထွာ မည်သို့ရှိသည်။- အဖြေ ၁၂၉
- မဟာပထဝီမြေ ဝါဒကွဲ မည်သို့မှတ်သားရမည်။- အဖြေ ၁၃၀
- ဝါဆိုအရဏ်ခံနှင့်စပ်သောစကား မည်သို့မှတ်သားရမည်။-အဖြေ ၁၃၁
- အာဋ္ဌာနာဋ္ဌိယသုတ်ပရိတ် ဘုရားဟော ဟုတ်,မဟုတ်။- အဖြေ ၁၃၁

၁၃- တေရသမ ပုစ္ဆာ ၁ ချက် ၁၃၃
- 'မြန်မာသံယောဂဒီပနီ' အမည်တပ်၍ ကျမ်းဦးဂါထာ
  ရေးသားပေးခြင်း ၁၃၅

mgyoe.com

mgyoe.com
SAMPLE BOOK

၁၄- စုဒ္ဒသမ ပုစ္ဆာ ၁ ချက် ၁၃၇
■ ကလျာဏီရွှေကျောင်းမော်ကွန်း ပါဌ်အနက် ၁၃၉
၁၅- ပန္နရသမ ပုစ္ဆာ ၁ ချက် ၁၅၀
■ ကျောင်းဦးဘုရား ခေါင်းလောင်းစာ ၁၅၁
၁၆- သောဠသမ ပုစ္ဆာ ၇ ချက် ၁၅၃
■ ဝိဇ္ဇာဓိုရ်အကြောင်း မည်သို့ရှိသည်။- အဖြေ ၁၅၈
■ နေ့,လကြတ် မည်သို့ရှိသည်။- အဖြေ ၁၅၉
■ ကမ္ဘာဦးမင်းဆက်အရေအတွက် ဟုတ်,မဟုတ်။- အဖြေ ၁၆၀
■ ဓမ္မသတ် မည်သည့်အခါက စသည်။- အဖြေ ၁၆၁
■ စတုဓမ္မသာရအစပ် ပစ္စုန်ချောင်း။- အဖြေ ၁၆၂
■ စာဂအရ မည်သည့်အနက် ယူသင့်သည်။- အဖြေ ၁၆၄
■ ရဟန္တာမိန်းမ ပရိနိဗ္ဗာန်ပြုသောအခါ လိင်ပြန်ခြင်း ရှိ,မရှိ။- အဖြေ ၁၆၅
၁၇- သတ္တရသမ ပုစ္ဆာ ၄ ချက် ၁၆၆
■ အမှူးအမတ် နတ်အရေအတွက်။- အဖြေ ၁၆၈
■ အရောက်နိဗ္ဗာန် ဆယ့်သုံးတန်။- အဖြေ ၁၆၉
■ ရပ်မအသုံးအဆောင်။- အဖြေ ၁၇၀
■ 'ကြားသိကျမ်းလာ'ချီ တောင်တွင်းလာပျို့။- အဖြေ ၁၇၀
၁၈- အဋ္ဌာရသမ ပုစ္ဆာ ၄ ချက် ၁၇၂
■ ဓာတ်တော် မည်သို့ အမည်ရှိသည်။- အဖြေ ၁၇၄
■ ဇေတဝိသတ္တဝါ မည်သို့ရှိသည်။- အဖြေ ၁၇၄
■ ရှင်မဟာသီလဝံသ, ရှင်ဥတ္တမကျော်တို့၏ဆရာနှင့်
ပြုစုသောကျမ်းများ ၁၇၅
■ သုရာမေရယကိုဆေးနှင့်သောက်ရာ၌ပဥ္စသီပျက်,မပျက်။-အဖြေ ၁၇၆

mgyoe.com

mgyoe.com
SAMPLE BOOK
၁၉- ကေ္ခနဝိသတိမ ပုစ္ဆာ ၄ ချက် ၁၇၇
■ 'အာ-သော-မာ-ဝ' စသောအက္ခရာများသည် သိကြားမင်းရေး ဟုတ်,မဟုတ်။- အဖြေ ၁၇၉
■ မုဋ္ဌောမုဋ္ဌစသော လက်နက် ၄ ပါး။- အဖြေ ၁၇၉
■ သက္ကရာဇ်တို့,ရှည် မည်သူဖြိုကြွင်း သက္ကရာဇ်ဖြစ်သည်။- အဖြေ ၁၈၁
■ စတုဓမ္မသာရပျို့ခက်ဆစ်။- အဖြေ ၁၈၃
၂၀- ဝိသတိမ ပုစ္ဆာ ၃ ချက် ၁၈၄
■ ဓာတ်တော်သဏ္ဌာန်,အဆင်း မည်သို့ရှိသည်။- အဖြေ ၁၈၇
■ ဓာတ်တော်မွေတော် ထူး,မထူး။- အဖြေ ၁၈၉
■ ဆားတောင်ဓာတ်တော်,ပင်တင်ဓာတ်တော် စသည်များ။-အဖြေ ၁၈၉
၂၁- ကေဝိသတိမ ပုစ္ဆာ ၂ ချက် ၁၉၀
■ သတ္တဌာနစံနေပုံနှင့် အသီတိသာဝက ၈ ကျိပ် စာရင်း ၁၉၂
■ သင်္ဂြိုဟ်ဇယား သင့်,မသင့်။- အဖြေ ၁၉၃
၂၂- ဒွါဝိသတိမပုစ္ဆာ ၁ ချက် ၁၉၄
■ ညံ့ သတ္တဝါမျိုး ရှိ,မရှိ။- အဖြေ ၁၉၆
၂၃- တေဝိသတိမပုစ္ဆာ ၁ ချက် ၁၉၈
■ အမျိုးရောယှက်ရာ၌ မည်သူ့ဘက်လိုက်သည်။- အဖြေ ၁၉၉
၂၄- စတုဝိသတိမပုစ္ဆာ ၂ ချက် ၂၀၀
■ ဆပ်သွားဖူးလုပ်ရိုး မည်သို့ရှိသည်။- အဖြေ ၂၀၁
■ အမည်သစ်မှည့်ရန် သင့်,မသင့်။- အဖြေ ၂၀၁
၂၅- ပဉ္စဝိသတိမပုစ္ဆာ ၆ ချက် ၂၀၂
■ အရူပဘုံ၌ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် အဘယ့်ကြောင့် မရှိသည်။- အဖြေ ၂၀၄
■ အရူပဘုံတွင် အရိယာများရှိလျက် အဘယ့်ကြောင့် ရပ်ပြစ်၈ ပါး ဘုံကိုရသည်။- အဖြေ ၂၀၄

mgyoe.com

mgyoe.com
SAMPLE BOOK

■ 'တောအုပ်နှင့်တူသော တရား'ဟူသည်။- အဖြေ ၂၀၅
■ တန်ခူးလတောအုပ် အဘယ်ဂုဏ်ထူး ရှိသည်။- အဖြေ ၂၀၅
■ ဘုရားသခင်အမည်တော် မည်မျှရှိသည်။- အဖြေ ၂၀၆
■ ရတနာဖြစ်ရာ ၅၆ ရပ်။- အဖြေ ၂၀၆
၂၆- ဆဝိသတိမပုစ္ဆာ ၅ ချက် ၂၀၇
■ ဘုရားသခင့်အမည်တော် ၃၈ ပါး။- အဖြေ ၂၁၀
■ အရှင်သာရိပုတ္တရာ ငရဲမီး လိုက်,မလိုက်။- အဖြေ ၂၁၀
■ ပျို့,လင်္ကာလာ 'မင်းရန်နောင်' ဟူသည်။- အဖြေ ၂၁၁
■ ဒွတ္တဘောင်မင်းလက်ထက် ဘုရားရှင့်ဘွဲ့တော်အမည် အနက် ရ,မရ။- အဖြေ ၂၁၁
■ သူရဿတီနတ်သမီးကို သာသနာဝင်ကျမ်းများတွင် မည်သို့ ပဏ္ဏာမပြုသည်။- အဖြေ ၂၁၂
၂၇- သတ္တဝိသတိမပုစ္ဆာ ၂ ချက် ၂၁၃
■ ပြည်မင်းစောရန်နောင်ကို ဥပမာထားရာ၌ သင့်,မသင့်။-အဖြေ ၂၁၄
■ အဘိဓာန်ကျမ်းလာ မြတ်စွာဘုရား၏အမည်တော် ၃၈ ပါးကို ပြခြင်း။ ၂၁၄
၂၈- အဋ္ဌဝိသတိမပုစ္ဆာ ၃ ချက် ၂၁၆
■ 'ဂိလာန'နှင့် 'ဂလည'အထူး ၂၁၈
■ ဗောဓျင်သုတ် ၂၁၈
■ တံတားဦးတည်မော်ကွန်း အဆုံးအဖြတ်။ ၂၁၉
* ကျမ်းပြီးနိဂုံး ၂၂၁

mgyoe.com

mgyoe.com SAMPLE BOOK

# လျှောက်ထုံးဟူသည်

**ဦးအောင်သောင်း(မြန်မာစာပါမောက္ခ-ငြိမ်း)**

'လျှောက်ထုံး'ဆိုသည်မှာ အမေးပုစ္ဆာတစ်ရပ်ရပ်ကို ဖြေကြားသူ ပညာရှိက ကျမ်းကိုး အထောက်အထား၊ ထုံးပုံသာဓကများဖြင့် လေးနက်ခိုင်မာစွာ ဖြေကြားထားသည့် အမေး-အဖြေများကို ဆိုလိုသည်။

မေးလျှောက်သူပုဂ္ဂိုလ်က သိကြားလို၊ မှတ်သားလို၊ ဉာဏ်ပွားလို၍ ဖြစ်စေ၊ လက်ရှိ ဖြစ်ပေါ်လာသည့်ကိစ္စတစ်ရပ်ကို ဖြေရှင်းလုပ်ဆောင်နိုင်ရန် နည်းလမ်းလို၍ ဖြစ်စေ လျှောက်တင်မေးမြန်းသည်ကို အမေးခံ ပညာရှိပုဂ္ဂိုလ်က အာဂမယုတ္တိ၊ သဘာဝယုတ္တိ စသည်ဖြင့် ကျမ်းကိုးကျမ်းကား အမှတ်အသားတို့နှင့် ဖြေကြားထားသည့် မေး-ဖြေစုံကျမ်းများကိုပင် 'လျှောက်ထုံး'ဟု ခေါ်ဆိုခဲ့ကြသည်။

ဤတွင် 'လျှောက်' ဟူသောစကားသည် အဓိပ္ပာယ် ၂ မျိုး ရှိသည်။

ကြီးမြတ်သူ ရဟန်းပညာရှိများထံ သိလိုသူပုဂ္ဂိုလ်တို့က မေးလျှောက်ခြင်းမျိုး ဖြစ်သည်။ လက်ဝဲနော်ရထာ လျှောက်ထုံးကျမ်းကဲ့သို့ မေးလျှောက်ခြင်းမျိုး ဖြစ်သည်။

ဘုရင်၊ စိုးအုပ်သူတို့ မေးမြန်းသဖြင့် ပညာရှိ၊ မှူးမတ် စသူတို့က ဖြေကြားလျှောက်တင်ခြင်းမျိုးလည်း ဖြစ်သည်။ စည်းတပစ်* ဘွဲ့ခံ ဘိုးရာဇာလျှောက်ထုံးကဲ့သို့သော တင်လျှောက်ခြင်းမျိုး ဖြစ်သည်။

မည်သို့ဖြစ်စေ၊ လျှောက်ထုံးကျမ်းများသည် ကျမ်းဂန် တတ်မြောက်ရုံသာမက ဗဟုသုတကြွယ်ဝလျက် မြော်မြင်ဆင်ခြင် တွေးခေါ်တတ်သော ပညာရှိ

* စည်းတပစ်(စန္ဒပဇ္ဇောတ) = လက်ဲ့သို့ ထွန်းပသူပညာရှိ။

mgyoe.com
SAMPLE BOOK

ကဝိပါရဂူတို့ အလေးဂရုပြုဖြေကြားထားသော ပညာစုများ ဖြစ်ခြင်းကြောင့်၊ အဆိုပါကျမ်းများသည် ဗဟုသုတဘဏ်တိုက်ကြီးများ၊ အတွေးအမြင်ရတနာသိုက်ကြီးများ ဖြစ်ကြသဖြင့် မြန်မာစာပေတွင် လျှောက်ထုံးကျမ်းများသည် အရေးပါလျက် ရှိပေသည်။

## လျှောက်ထုံးကျမ်းများ

ထင်ရှားသော လျှောက်ထုံးများဖြစ်ကြသည့် လက်ဝဲနော်ရထာ လျှောက်ထုံး၊ ဘိုးရာဇာ လျှောက်ထုံး (မဏိရတနာပုံကျမ်း)၊ မဟာပညာကျော် လျှောက်ထုံး၊ ဦးပေါ်ဦး လျှောက်ထုံး (ကဝိသေတ္တုမဉ္ဇူသာ)၊ အယူတော်မင်္ဂလာ လျှောက်ထုံး (ကဝိသာရမဉ္ဇူသာ) ကျမ်းတို့လောက်သာ လူသိများ လူသုံးတွင်လျက် ရှိသော်လည်း၊ 'လျှောက်ထုံး' အမည်ပါ ကျမ်းပေါင်းမှာ ၁၂ ကျမ်းပင် ရှိကြောင်း* သိရသည်။ မန်ကျည်းကျပ်စားလျှောက်ထုံး၊ မင်းရဲသိဃ်သူလျှောက်ထုံး၊ စည်သူရွှေတောင် လျှောက်ထုံး စသည်တို့ ဖြစ်ကြသည်။

ဥပါလိလျှောက်ထုံးကဲ့သို့ စာရင်းမပါသော ပေမူကျမ်းများလည်း ရှိသေးသည်။

'လျှောက်ထုံး' ဟု အမည် မတွင်သော်လည်း လျှောက်ထုံးနှင့် သဘောချင်းတူသည့်ကျမ်းများလည်း ရှိပေသေးသည်။ အမေး-အဖြေကျမ်းများ၊ အမေးတော်ဖြေကျမ်းများ၊ ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ပဉ္စာကထနကျမ်းတို့ ဖြစ်ကြသည်။

'အမေး-အဖြေ' ဟူသော ကျမ်းတို့၏အမည်များမှာ မြန်မာစကားနှင့်လည်းဖြစ် အနက်လည်း ပေါ်လွင်သဖြင့် သာမန်လူတို့ သိလွယ်ကြသော်လည်း၊ ပုစ္ဆာဝိသဇ္ဇနာကျမ်းအမည်ကိုမူ သိသူနည်းကြဟန်တူသည်။ ထိုသို့ အမေး-အဖြေ သဘောပါသောကျမ်းတို့မှာလည်း ၁၇ ဆူပင် ရှိသည်ဟု သိရသည်။

သမန္တစက္ခုဒီပနီကျမ်း၊ စွယ်စုံကျော်ထင်ကျမ်းတို့မှာ အမည်ကို တွေ့ရရုံမျှဖြင့် လျှောက်ထုံးကျမ်း၊ အမေးအဖြေကျမ်းမျိုး ဟု မသိနိုင်။ စင်စစ်အားဖြင့်

---

* မောင်မောင်ညွန့်(မန်းတက္ကသိုလ်)၏ 'သုတရိပ်မြုံစာရင်း' မှ

mgyoe.com SAMPLE BOOK
ထိုကျမ်း ၂ ဆူသည် သိစရာ၊မှတ်စရာ၊ဆင်ခြင်စရာ၊လိုက်နာစရာ အဖုံဖုံ တို့နှင့် သုတစွယ်စုံ မေး-ဖြေကျမ်းကြီးများ ဖြစ်ကြသည်။

သုဝဏ္ဏဘဏ္ဍာသ ရွှေမွေးညှပ်ကျမ်း ကဲ့သို့ ကိုယ်တိုင်မေးကာ ကိုယ်တိုင် ဖြေထားသော ကျမ်းတို့လည်း ရှိသေးသည်။

အချုပ်အားဖြင့်ကြည့်လျှင် အထက်ဖော်ပြပါ ကျမ်းတို့သည် လျှောက်ထုံး တို့နှင့် သဘောချင်း တူသည်ဖြစ်သောကြောင့် 'လျှောက်ထုံးအကျုံးဝင် ကျမ်းပေါင်း ၃၀ ကျော်မျှ ရှိသည်။'ဟု ဆိုနိုင်ပေသည်။

အဆိုပါ မေး-ဖြေ လျှောက်ထုံးကျမ်းများသည် ဘုရင်က မေး၍ ရဟန်း ပညာရှိ၊ လူပညာရှိတို့က ဖြေကြားခြင်း၊ လူပညာရှိက မေး၍ ရဟန်းပညာရှိတို့က ဖြေကြားခြင်း၊ လူပညာရှိအချင်းချင်း မေး-ဖြေကြခြင်း၊ ရဟန်းပညာရှိအချင်းချင်း မေး-ဖြေကြခြင်းတို့ကို မှတ်တမ်းတင်ထားခြင်း ဖြစ်ကြသည်။

သမိုင်းကို ပြန်ကြည့်လျှင် လျှောက်ထုံးသဘော သက်ဝင်သည့် အမေးအဖြေ တို့တွင် ပင်းယခေတ် စတုရင်္ဂဗလအမတ် မေးလျှောက်၍ ဆူးတွင်းပစ်ဆရာတော် ဖြေကြားသည့် 'ခြေဖဝါးတော်အောက်'အစချီ ရတုတို့က စရပေမည်။

စင်စစ်အားဖြင့် မှတ်စုမှတ်တမ်းမရှိသော်လည်း 'လူ'ဟူသည်ကား မသိသူကမေးလျှင် သိသူက ဖြေသောအလေ့ရှိရကား လူ့ယဉ်ကျေးမှု စပေါ် ကတည်းက 'မေး-ဖြေ စကား၊ မေး-ဖြေ အရေးအသား'တို့ ရှိနိုင်ပေသည်။

မြန်မာ မေး-ဖြေ စကားများကို မှတ်တမ်းတင်ကြသည်မှာ ထိုစကားတို့သည် မှတ်ထိုက်သားထိုက် အဖိုးထိုက်များဖြစ်ကြသဖြင့် လက်တွေ့ လိုက်နာကျင့်သုံး စေလိုသော စေတနာကြောင့် ဖြစ်ပေမည်။ ထိုစေတနာကို စေ့ဆော်ပေးသည့် အရာမှာ မိလိန္ဒပဥှာကျမ်း ဖြစ်ပေလိမ့်မည်။ ထိုကျမ်းသည် မြန်မာပြည်သို့ အင်းဝခေတ်ကပင် ရောက်ရှိလာသော်လည်း ကုန်းဘောင် ဆင်ဖြူရှင်မင်း လက်ထက်သက္ကရာဇ် ၁၂၂၇ ခုနှစ်ကျမှ ဒန့်တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရ ဘာသာပြန်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် လက်ဝဲနော်ရထာလျှောက်ထုံးထက် နောက်ကျကြောင်း သိနိုင်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

'မဏိရတနာပုံ' ခေါ် ဘိုးရာဇာလျှောက်ထုံးပါ အကြောင်းအရာများသည် မင်းကြီးစွာစော်ကဲ, ဆင်ဖြူရှင်တရဖျား, ပထမမင်းခေါင် လက်ထက်တို့၌ ဖြစ်ပျက်ခဲ့မှုများ ဖြစ်သော်လည်း၊ သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင်မှ ရှင်စန္ဒလင်္ကာရက ရေးသားပြုစုခြင်း ဖြစ်သဖြင့်၊ လက်ဝဲနော်ရထာ လျှောက်ထုံးနောက် ပေါ်သော ကျမ်း ဖြစ်သည်။ ဖြေကြားလျှောက်တင်ရာတွင် ပညာရှိအမတ်ကြီးပီပီ၊ ဗုဒ္ဓဝင်, ရာဇဝင်, ပုံပြင်ဝတ္ထု အကိုးအကားများ အကျယ်တဝင့်ပါရှိသဖြင့် လျှောက်တင်ခံ ဘုရင်တို့၏ နိုင်ငံရေး, အုပ်ချုပ်ရေး,စစ်ရေးတို့အတွက် အထူး အကူအပံ့ ဖြစ်စေခဲ့သည်။

ပညာရှိ မင်းတိုင်ပင်အမတ်ကြီး မဟာပညာကျော် လျှောက်တင်သည့် မဟာပညာကျော်လျှောက်ထုံးသည်လည်း မင်းဗားကြီး, မင်းဖလောင်း, မင်းရာဇာကြီးတို့အတွက် သာမက၊ နောင်းလူတို့ ဖတ်ရှုမှတ်သား ကျင့်သုံးစရာ လမ်းညွှန်ကျမ်းလည်း ဖြစ်နေပေသည်။ ထိုကျမ်းသည် ၁၁၄၉ ခု ရှင်ကဝိသာရ ရေးသားသည့် 'ဓညဝတီအရေးတော်ပုံ' မှ ထုတ်နုတ်ထားသည်။-ဟု ဆိုပါသည်။

ကိုလိုနီခေတ် ပညာရှိ ဦးအောင် ပြုစုစီရင်သည့် ဦးပေါ်ဦးလျှောက်ထုံး (ကဝိသေဋ္ဌမဥ္ဇူသာကျမ်း)သည် ဘိုးတော်ဘုရားနှင့် ဘကြီးတော်ဘုရားတို့ လက်ထက် ဖြစ်ပျက်ခဲ့သောအကြောင်းအရာကို အခြေခံကာ ရာဇရေး, နန်းဓလေ့, ယဉ်ကျေးမှု, လူမှုသဘာဝတို့ကို မှတ်သားဖွယ် ဖြစ်စေရုံမျှသာမက၊ နှစ်သက်ဖွယ် ဖြစ်စေရန်ပါ စိတ်ကူးထည့် ရေးသားထားခြင်းကြောင့် စာဖတ်သူတို့ နှစ်ခြိုက်ကြသည်။

အဆိုပါ ဦးအောင်ပင် ပြုစုစီရင်သည့် အယူတော်မင်္ဂလာလျှောက်ထုံး (ကဝိသာရမဥ္ဇူသာကျမ်း) သည်လည်း အတိတ်, တဘောင်, စနည်း, အိပ်မက်, တိတ္ထုံ စသည့် လောကီအယူအဆများကို မင်းမှုရေးရာနှင့် ထင်ဟပ်ပြီး၊ အယူတော် မင်္ဂလာဦးနိုး၏ လျှောက်တင်ချက်များပင် ဖြစ်သည်။

အမေးတော်ဖြေကျမ်းများ, အမေး-အဖြေကျမ်းများ အပါအဝင် လျှောက်ထုံးကျမ်းများသည် ဘာသာရေး, ရာဇရေး, နိုင်ငံရေး, တရားစီရင်ရေး, စီးပွားရေး, လူမှုရေး စသည်တို့နှင့်ဆိုင်သော ခက်ခဲနက်နဲသော ပြဿနာများ, သိမှတ်ဖွယ်


mgyoe.com

mgyoe.com SAMPLE BOOK
များ၊ ဉာဏ်ပွားဖွယ်များ၊ လိုက်နာဖွယ်များကို ထွန်းပြပေးသောကြောင့် တန်ဖိုးကြီးသော စာပေကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေပေသည်။

## လက်ဝဲနော်ရထာလျှောက်ထုံးကျမ်း

လက်ဝဲနော်ရထာလျှောက်ထုံးသည် လက်ဝဲနော်ရထာဘွဲ့ဖြင့် ထင်ရှားခဲ့သည့် မင်းတိုင်ပင်အမတ်ကြီး ဦးနေ (ဦးမြတ်သာနေ)၏ မေးလျှောက်ချက်များနှင့် တောင်တွင်းဆရာတော်ခင်ကြီးဖျော်၏ အဖြေများကို စုပေါင်းစီရင်ထားသည့်ကျမ်း ဖြစ်သည်။ 'လျှောက်ထုံး' အမည်ရ ကျမ်းများတွင် အစောပိုင်း ကျမ်းတစ်ဆူအဖြစ် သတ်မှတ် ထားကြသည်။

အမတ်ကြီးသည် မင်း ၇ ဆက်တိုင် အတိုင်ပင်ခံအဖြစ် တာဝန်ထမ်းဆောင်ကာ ဘွဲ့ပေါင်းများစွာ ရရှိအောင် စွမ်းဆောင်နိုင်သည့် ပညာရှိတစ်ဆူ ဖြစ်သည်။ အမတ်ကြီးကို နှောင်းခေတ် စာပေသုတေသီတို့က 'ပညာရှိသုတေသီ၊ သုခမိန် ပညာရှင်၊ စာဆိုပညာရှိ' ဟု အသီးသီး ကင်ပွန်းတပ်ကြသည်။ ထိုအမည်များနှင့် တန်အောင်လည်း အမတ်ကြီးက ကျမ်းများ၊စာပေများ ပြုစုထားခဲ့သည်ကို တွေ့ကြရသည်။

လက်ဝဲနော်ရထာလျှောက်ထုံးကျမ်းတွင် အမေးပုစ္ဆာပေါင်း ၂၈ ပုဒ်ရှိရာ လက်ဝဲနော်ရထာဘွဲ့ဖြင့် မေးလျှောက်သော ပုစ္ဆာ ၁၄ ပုဒ်၊ စည်သူကျော်ထင် ဘွဲ့ဖြင့် မေးလျှောက်သော ပုစ္ဆာ ၁၂ ပုဒ်အပြင်၊ အလောင်းမင်းတရားကြီး မေးလျှောက်သော ပုစ္ဆာ ၁ ပုဒ်၊ နေမျိုးဇေယျနော်ရထာ စေ၍ လျှောက်ရသော ပုစ္ဆာ ၁ ပုဒ်တို့ ပါဝင်သည်။ အမေးပြဿနာကား စုစုပေါင်း ၉၃ ခု ဖြစ်သည်။ ပထမဆုံးပုစ္ဆာကို ၁၁၂၀ပြည့် ကဆုန်လတွင် မေးလျှောက်ပြီး၊ အဆုံးပုစ္ဆာ၏ အဖြေမှာ ၁၁၂၄ ခု ဝါဆိုလတွင် ပြီးသည်။ ကျမ်းပြီးနှစ်မှာ ၁၁၂၅ ခု ဝါခေါင်လ ဖြစ်သဖြင့် မေးလျှောက်သောကာလ ၄ နှစ်ကျော် ကြာသည်။

အမေးပြဿနာများတွင် အများဆုံးမှာ ဘာသာရေးဆိုင်ရာ ပြဿနာများ ဖြစ်ကြသည်။ သာဝကများ၊ တေဒဂ်ရပုဂ္ဂိုလ်များ၊ ရှင်ကုမာရကဿပ၏ ဆန်းကြယ်


mgyoe.com

mgyoe.com SAMPLE BOOK

သောတရား၊အရောက်နိဗ္ဗာန် ၁၃ တန်စသော အမေးပြဿနာတို့သည် ဘာသာရေး ဆိုင်ရာပြဿနာများ ဖြစ်ကြသည်။

နေ၊ လ၊ နက္ခတ်တာရာ၊ မြင်းမိုရ်တောင်၏ ပမာဏ၊ ဇောသတ္တဝါ၊ ခြသေ့၊စကြာရတနာ စသည့် အမေးပြဿနာများသည် ကျမ်းဂန်လာ အထွေထွေ ပြဿနာတို့ ဖြစ်ကြသည်။ ဓမ္မသတ်ဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ စာပေဆိုင်ရာပြဿနာ စသည်တို့လည်း ပါဝင်သည်။

သုတေသီပညာရှိ အမတ်ကြီးသည် ပညာများကို တပ်တပ်မက်မက် လိုချင်ဆန္ဒ ပြင်းပြသောသဘော ရှိဟန်တူသည်။

'သေချာအောင် မိန့်တော်မူပါ။ သိသာအောင် အမိန့်ရှိပါ။ ကေဝုစ်ကျကျ သိချင်ပါသည်။ အတပ် သိချင်မြင်ချင်ပါသည်။ စေ့စေ့ငုငု ကြည့်ရှုတော်မူပါ။ ကျမ်းထုတ်စေချင်ပါသည်။' စသည့်စကားတို့ဖြင့် ခိုင်မာတိကျမှုကို တမ်းတ တောင်းဆိုလေ့ ရှိသည်။

အမတ်ကြီးနှင့် ခင်ကြီးဖျော်တို့သည် ခေတ်ပြိုင် ပုဂ္ဂိုလ်ကြီးများလည်း ဖြစ်၊ သက်တူရွယ်မျှလည်း ဖြစ်၊ မင်းဆရာ၊ မင်းအမတ် ချင်းလည်း ဖြစ်၊ ပဏ္ဍိတာ နဋ္ဌ သေဝန်လည်း ဖြစ်ကြသဖြင့် အားမနာတမ်း ဆွေးနွေး မေးဖြေကြဟန် ရှိသည်။ အမတ်ကြီးသည် ဆရာတော်အား အရိုအသေ အလေးအမြတ် ပြုသည့်လေသံ သုံးသလို၊ ရင်းနှီးကျွမ်းဝင် မြတ်လေးသည့် လေသံလည်း သုံး သည်ကို တွေ့ရသည်။

မေးမြန်းရာ၌ ပညာခံမဲ့မေးခြင်းမျိုး မဟုတ်။ အခြေခံပညာအပေါ် ထပ်ဆင့်သိလိုသည်ကို မေးခြင်း၊ သံသယဖြစ်ဖွယ်ရာများကို ရှင်းလင်းသွားစေရန် မေးခြင်း၊ မိမိ တွေးတောကြံဆမိသည်ကို အတည်ပြုနိုင်ရန် ဆွေးနွေးမေးမြန်းခြင်း မျိုးတို့ ပါဝင်သည်။

မင်းကြီးသည် ယခုခေတ် အသုံးများနေသည့် 'သုတေသန'ဟူသော သဘောကို လက်သုံးထားခဲ့ဟန် တူသည်။ ယနေ့ခေတ်တိုင် သိလိုဖွယ်၊ မေးလိုဖွယ်ဖြစ်သည့် ပြဿနာအချို့ကို မင်းကြီးက မေးထားခဲ့ပြီး ဖြစ်သည်။

- 'အာဋ္ဌာနာဋ္ဌိယသုတ်ကို ရွတ်စဉ် တုတ်၊ဓား လက်နက် ရံဝန်းရသည်။' ဟူသောပြဿနာ။

mgyoe.com

SAMPLE BOOK

- 'ပဒ္ဒမြန်နတ်သားသည် လူသက်တမ်းနှင့်တွက်လျှင် ရပ်နားချိန် မရ။ အစဉ် လှုပ်ရှားကပြနေရမည်။' ဟူသော ကြံဆမှု။
- 'ဘုရားရှင်သည် တာဝတိံသာ၌ ဝါဆိုပါလျက် အနဝတတ်ရေအိုင်မှာ မျက်နှာတော်သန့်စင်ပြီး မြောက်ကျွန်းမှာ ဆွမ်းဘုဉ်းပေးတော်မူသည်။' ဆိုခြင်းအပေါ် အချိန်ကာလ ကြံဆတွက်ချက်မှု။
- 'သူရာမေရယကို ဆေးဝါးနှင့်တွဲဖက် သုံးသင့်, မသုံးသင့်။' ဆင်ခြင်မှု။
- 'ပေါက္ခရဝဿမိုး ရွာသွန်းပုံ' မေးမြန်းချက်မှု။
- 'ကလေးမြို့သည် ရာဇဂြိုဟ် ဖြစ်သည်။ လယ်ကိုင်းမြို့သည် ကောသမ္ဗီပြည် ဖြစ်သည်။' ဟူသောအဆိုအပေါ် စဉ်းစားပုံ။
- 'ရှုဝံကြွယ်နှင့် ဗိမာန်ပြာသာဒ် ဆက်စပ်စဉ်းစားပုံ' စသည်တို့သည် 'သိပ္ပံသဘောပါသည့် သုတေသနပြုမှု' ဟု ဆိုကောင်းအံ့ ထင်ပေသည်။

အမတ်ကြီး၏အမေးများသည် စိတ်ဝင်စားဖွယ် ကောင်းသည့်နည်းတူ၊ မင်းဆရာ အတုလဆရာတော်၏ အဖြေများကလည်း မှတ်သားစဖွယ် ဖြစ်ပေသည်။ ဆရာတော်သည် မေးလာသမျှကို မဖြေဘဲ ခြွင်းချန် ထားခဲ့သည့်သဘော မတွေ့ရ။ ဖြေဆိုသမျှတို့မှာလည်း အမတ်ကြီး၏ဆန္ဒအတိုင်း တိုက်ရိုက် ကျမ်းဂန်စာသားတို့ဖြင့် ဖြေသည်လည်း ရှိသည်။ တိုက်ရိုက်မဟုတ်သည့်တိုင်အောင် နီးနွယ် ဆက်စပ်ရာ ကျမ်းဂိုးစကားတို့နှင့် သဟဇာတပြုကာ ကျေနပ်ဖွယ်ဖြစ်စေရန် ဖြေကြားတော်မူသည်လည်း ရှိသည်။ မိမိ၏ အတ္တနောမတိဖြင့် ဖြေဆိုရာတို့၌လည်း သဘာဝတရား, လောကဓမ္မတာတို့ဖြင့် အကြောင်းသင့်အကျိုးသင့် ဆင်ခြင် သုံးသပ် ဖြေဆိုတော်မူနိုင်သဖြင့် ကျေနပ်ဖွယ် ဖြစ်လိမ့်မည်။

အမေးများကို ဖြေကြားတော်မူစဉ်က ဆရာတော်၏သက်တော်မှာ ၃၄နှစ်ကျော် ၃၈နှစ်အတွင်းသာ ဖြစ်သည်။ သက်တော်ကို ဒသက ၁၀ စုနှင့် တိုင်းလျှင် ဗလဒသကအရွယ်မျှသာ ရှိသေးသည်။ ပညာဒသကအရွယ်သို့ပင် မရောက်သေး။ ပညာပြည့်ဝသည့် အရွယ်မျိုး မဟုတ်သေး။

အမေးကား လွယ်၏။ အဖြေမှာမူ မလွယ်။ ထို့ကြောင့် 'အမေး ကျွဲကျောင်း အဖြေ ဘုရားလောင်း' ဟုပင် ဆိုရသည်။ သို့သော် ဆရာတော်မူကား

mgyoe.com SAMPLE BOOK

မေးသမျှ ဖြေတော်မူသည်။ မေးသူ ကျေနပ်လောက်အောင် နည်းအမျိုးမျိုးဖြင့် ဖြေတော်မူသည်။ ခက်ခဲနက်နဲသည့်အမေးများကို အကိုးအကားခိုင်ခိုင်နှင့် ဖြေတော်မူသလို၊ သာမန် အမေးများကိုလည်း ကျေနပ်လက်ခံနိုင်အောင် ကြောင်းကျိုးပြ ဖြေတော်မူသည်။

သာဝကများ, တေဒင်္ဂရပုဂ္ဂိုလ်များ အကြောင်းတို့ကို ပါဠိစာသားတို့ဖြင့် ပြဆိုဖြေကြားသည်။ ပဋ္ဌာန်းနတ်သား၏အကြောင်းကို သချိုသဘော တွက်ချက်ကာ ဖြေကြားသည်။

'တိတ္ထိ'ဟုဆိုလျှင် အများစုတို့က 'ဘုရားရှင်၏ ရန်ဖက်များ, မိစ္ဆာဒိဋ္ဌိများ, ဟု ထင်ကြသော်လည်း၊ ဆရာတော်က 'တိတ္ထိဟူသည် ဘုရားလောင်းများလည်း ဖြစ်နိုင်ကြောင်း။' ဖြေကြားတော်မူရာ၊ အံ့သြဖွယ်ရှိသလို မှတ်သားဖွယ်ရာလည်း ဖြစ်သည်။

အမေးများသည် သိချင်ဖွယ်ရာများ ဖြစ်သကဲ့သို့၊ အဖြေများသည်လည်း မှတ်သားဖွယ်ကောင်းသဖြင့် ထင်ရှားသောကျမ်းတစ်ဆူ ဖြစ်နေခြင်းပေတည်း။

## လက်ဝဲနော်ရထာ

'လက်ဝဲနော်ရထာ'ဘွဲ့ခံ ပညာရှိ သုခမိန်ကြီး၏ ငယ်မည်မှာ ဦးမြတ်သာနေ (ဦးနေ) ဖြစ်သည်။ (မဲဇာတောင်ခြေ ချိုရတုကို သီကုံးသည့် စာဆိုတော် ဦးမြတ်စံနှင့် အမည်ချင်းလည်း နီးစပ်၊ ခေတ်ပြိုင်လည်း ဖြစ်၊ လက်ဝဲသုန္ဒရဘွဲ့ချင်းလည်း တူခဲ့ကြသဖြင့် မြန်မာသုတေသီအချို့တို့ ရောထွေးရေးမှား မိခဲ့ကြသော်လည်း၊ ယခုအခါတွင် အချင်းချင်း ခွဲခြားရှင်းလင်းထားပြီး ဖြစ်လေပြီ။)

စာဆိုပညာရှိကြီးကို သက္ကရာဇ် ၁၀၀၅ ခုနှစ် ဝါဆိုလတွင် ဖွားမြင်သည်။ သက္ကရာဇ် ၁၁၀၅ ခုနှစ်တွင် 'မဟာမင်္ဂလရာဇာဓိပတိ' ဘွဲ့တော်ခံ ဟံသာဝတီရောက် မင်းထံ ခစားရာ၊ သားတော်၏ အကြီးတော်ရာထူး ရရှိပြီး 'ရန္တကျော်စွာ'ဘွဲ့လည်း ရရှိခဲ့သည်။ ထို့နောက် လွှတ်တော်စာရေးအဖြစ်ဖြင့် 'ပျံချီကျော်ထင်'ဘွဲ့လည်း ရရှိသည်။ တောင်တွင်းရွာကိုလည်း စားရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သက္ကရာဇ် ၁၁၁၄ ခုနှစ်၌ ဦးအောင်ဇေယျက ခေါ်ယူခစားစေသဖြင့် မင်းတရားကြီး၏အတိုင်ပင်ခံ ဖြစ်လာသည်။ ၁၁၁၆ ခုနှစ်၌ လက်ဝဲသုန္ဒရဘွဲ့၊ ၁၁၁၉ ခုနှစ်၌ လက်ဝဲအနော်ရထာဘွဲ့များကို ရရှိသည်။

အမတ်ကြီးသည် အလောင်းမင်းတရားကြီး၏ အတိုင်ပင်ခံ အကြံပေး အရာရှိအဖြစ် ဆောင်ရွက် ရရုံသာမက၊ စစ်ချီရာတို့၌လည်း လိုက်ပါထမ်းရွက် ပေးနိုင်သဖြင့် မြင်းရည်တက် ၆၈ စာရင်းတွင် ၆၉ စာရင်းအဖြစ် ဖြည့်သွင်း ခံရသည် ဟုဆိုသည်။ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော စာဆိုအမတ်ကြီး ဖြစ်သည်။

နောင်တော်ကြီးလက်ထက်တွင် နန္ဒသူရကျော်ထင်ဘွဲ့၊ ဆင်ဖြူရှင်မင်း လက်ထက်တွင် စည်သူကျော်ထင်ဘွဲ့၊ နေမျိုးသီရိဇေယျကျော်ထင်ဘွဲ့များ ရရှိသည်။ ဘိုးတော်ဘုရားလက်ထက်တွင်မူ နေမျိုးမဟာကျော်ထင်ဘွဲ့၊ မဟာ သီဟသူရဘွဲ့၊ မဟာသီရိသီဟသူရဘွဲ့ များနှင့်တကွ၊ အနောက်ဘက် တိုက်ဝန်၊ မြို့တော်ဝန်၊ ရွှေတိုက်ဝန် ရာထူးများကိုလည်း အဆင့်ဆင့်ရရှိသည်ဟု ဆိုသည်။ ပညာရှိအမတ်ကြီးသည် မင်း ၇ ဆက်တိုင်တိုင် ခစားခဲ့ရပြီး ဘွဲ့ပေါင်း ၁၁ ဘွဲ့ အထိပင် ရရှိခဲ့သည်ဟု သိရသည်။

အမတ်ကြီးသည် စာပေဘက်၌ သုတေသီကျမ်းပြုပုဂ္ဂိုလ် ဖြစ်ရုံသာမက၊ စာဆိုစာပြုပုဂ္ဂိုလ်ကြီးလည်း ဖြစ်သည်။

ပြုစုခဲ့သောကျမ်းများမှာ

၁- လက်ဝဲနော်ရထာလျှောက်ထုံး

၂- မြန်မာသံယောဂဒီပနီ-ပင့်၊ရစ်ဋီကာ

၃- အလောင်းမင်းတရားကြီး အရေးတော်ပုံ

၄- ဆင်ဖြူရှင်ဘွဲ့ခံ (ဘိုးတော်မင်းတရားကြီး) အရေးတော်ပုံ

၅- ဗုဒ္ဓါဘိသေကမော်ကွန်း (ဘိုးတော်မင်းတရားကြီး၏ ဘိသိက်ခံအစီအရင်)

၆- ယိုးဒယားနိုင်မော်ကွန်း

၇- ဓညဝတီနိုင်မော်ကွန်း

mgyoe.com
SAMPLE BOOK

၈- ပြည်ကြီးလာမော်ကွန်း
(မြေဒူးမင်း အင်းဝပြောင်းရွှေ့လာခြင်း အကြောင်း)

၉- ပြူကန်ဘွဲ့မော်ကွန်း

၁၀- ဇိနအောင်ချာ ရွှေဘုံသာ မော်ကွန်း

၁၁- မင်းစေတီတော် မော်ကွန်း

၁၂- ရာဇနီတိပျို့

၁၃- ပျို့နိဂုံးစု အဖြေကျမ်း

၁၄- တိလောကကျောက်စာ

၁၅- ကိုယ်တိုင်ရေး ရတုပိုဒ်စုံ ၁၈ စုံ နှင့် အဖြည့်ခံရတု ၂ ပိုဒ် (ပေါင်း ၂၀- ပုဒ်။ စာကိုယ် တွေ့ရှိပြီး) ကြိုးသီချင်း (အလိုက်) သီချင်းကြီး ၂၄ ပုဒ်နှင့် တမ်းချင်းအလိုက် သီချင်း ၂၄ ပုဒ်။

၁၆- နဝဒေးကြီး၏ ရတုများ၊ နတ်ရှင်နောင်နှင့် ရတုစာဆို ဖဝတို့၏ ရတုများကို စုဆောင်းတည်းဖြတ်ထားရာ ရတုစာပိုဒ်စုံ ၄၇၇ ရှိသည်။-ဟု သိရသည်။

ပညာရှိအမတ်ကြီးတွင် 'ဦးချမ်းငြိမ်းရာ'နှင့် 'ဦးချမ်းငြိမ်းသာ'ဟူသော သား ၂ ဦး ရှိခဲ့ကြရာ၊ ထိုသူတို့လည်း အတွင်း သေနာပတိအရာ၊ ဝန်ထောက်တော်အရာ ရာထူးများ ရခဲ့ကြသည်။

အမတ်ကြီးဦးမြတ်သာနေသည် သက္ကရာဇ် ၁၁၅၃ခုနှစ်တွင် ကွယ်လွန်သွားလေသည်။

## တောင်တွင်းဆရာတော် ခင်ကြီးဖျော်

လက်ဝဲနော်ရထာလျှောက်ထုံးတွင် လက်ဝဲနော်ရထာအမတ်ကြီး မေးသမျှကို ဖြေကြားတော်မူသော ပုဂ္ဂိုလ်မှာ 'တောင်တွင်းဆရာတော်ခင်ကြီး' အမည်ဖြင့် ထင်ရှားသည့် 'အရှင်ဉာဏ'ရဟန်းတော် ဖြစ်သည်။

mgyoe.com

## လျှောက်ထုံးဟူသည်

mgyoe.com SAMPLE BOOK

ဆရာတော်လောင်းလျာကို တောင်တွင်းကြီးမြို့ မြောက်လက် မြို့လုလင် အနီး ပုတီးကုန်းရွာနေ ဦးဘိုးပြေ-ဒေါ်ကြာတို့မှ ၁၀၈၆ ခုနှစ် ကဆုန်လဆန်း ၁၁*ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

ငယ်စဉ်က ကန်ဦးကျောင်းဆရာတော်ထံ ပညာဆည်းပူးရာ ဉာဏ် အလွန်ထက်သဖြင့် သင်ပုန်းကြီးကို နေ့ချင်းပြီး၊ ပရိတ်ကြီးကို ၃လ အတွင်း တတ်မြောက်သည် ဟူ၏။ ရှင်အမည်မှာ 'ရှင်ဉာဏ'ဖြစ်သည်။ ရဟန်း၀ါ ၅ ၀ါ ရလျှင် ကန်ဦးကျောင်းမှာတင် မကျေနပ်နိုင်တော့သဖြင့် ပေါက်ကံမြို့ ရွှေကျောင်း ဆရာတော်ထံ ပြောင်းရွှေ့ဆည်းပူးရာ၊ သဒ္ဒါကျမ်းများကို နှံ့စပ်ကုန်စင်အောင် တတ်မြောက်တော်မူသဖြင့် သဒ္ဒါအရာတွင် 'မတစ်လုံးကျေသည်။'ဟု ထင်ရှား လာသည်။

သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် အင်းဝသို့ ရောက်တော်မူသည်။ ၁၁၂၀ ပြည့်နှစ်တွင် လက်ဝဲနော်ရထာမင်း၏ ပုစ္ဆာကို ဖြေဆိုတော်မူသည်ကို ထောက်လျှင် ထိုခုနှစ်လောက်ကပင် ရတနာသိဃ်သို့ ရောက်ရှိနေပြီ ဟု ယူဆနိုင်သည်။ သို့သော် '၁၁၂၂ ခုနှစ်မှ နောင်တော်ကြီးက ပင့်သည်။'ဟု ဆိုထားသည်။

၁၁၂၃ ခုနှစ်တွင် နောင်တော်ကြီးက 'ဉာဏာဘိလင်္ကာရ မဟာဓမ္မရာဇာ ဓိရာဇဂုရု'ဘွဲ့ တံဆိပ်တော်နှင့်တကွ မဟာဘုံသာကျောင်းတော်ကြီးကို လှူတော် မူသည်။

ထိုမင်းလက်ထက် ပညာရှိအသီးသီးတို့ လျှောက်မေးကြသည်များကို မတတ်,မသိ,မဖြေနိုင် မရှိ။ ဖြေဆိုရှင်းလင်းနိုင်သဖြင့် 'မ'တစ်လုံးကျေ ဆရာတော် အဖြစ် ကျော်စောထင်ရှားလှသည်။

---

* 'ကဆုန်လဆန်း ၁၅ရက်၊ အင်္ဂါနေ့'ဟု အမှတ်အသားရှိခဲ့ကြရာ၊ ဒေါက်တာတိုးလှက ပြက္ခဒိန် ကျမ်းများနှင့် စစ်ဆေးရာ ၁၅ရက်နေ့မှာ စနေနေ့ ဖြစ်နေသဖြင့် ၁၁ရက်နေ့သာ ဖြစ်သင့်ကြောင်း ဖော်ပြထားသဖြင့် ပြင်လိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဆရာတော်ခင်ကြီးဖျော် ပြုစုစီရင်တော်မူခဲ့သော ကျမ်းများမှာ

၁- မြန်မာဝစ္စဝါစကကျမ်း
၂- ဂဏ္ဌိပဗ္ဗ သမ္ဗန္ဓဆက္ကဝဏ္ဏနာကျမ်း
၃- သုတ္တမာလာ-ဝိမုတ္တိမာလာကျမ်း
၄- ပုဒ်ဆစ်, သဒ္ဒါဆစ်, သံဝဏ္ဏနာ နည်း ၄၀
၅- သဒ္ဒါငယ် ကစ္စာယနသာရ အရကောက်, ဉာသ်ကောက်
၆- နေတ္တိဟာရအကောက်
၇- ဝိထိလက်ရိုးကျမ်း
၈- အဘိဓမ္မာ-ဂမ္ဘီရတ္ထဒေသနာ အရကောက်ကျမ်း
၉- ဒွါဒသရာသီကျမ်း
၁၀- ဒွါဒသနက္ခတ်ကျမ်း
၁၁- အာဒိကပ္ပကျမ်း
၁၂- ကပ္ပလက္ခာရကျမ်း
၁၃- ကပ္ပဝဏ္ဏနာကျမ်း
၁၄- လက်ရိုးဗေဒင်ဋီကာကျမ်း
၁၅- ဓာတ်ကျမ်း
၁၆- အသီတိဓာတ်ကျမ်း စသည်တို့ဖြစ်ကြသည်။

လက်ဝဲနေ်ာရထာလျှောက်ထုံးသည် ဆရာတော်၏အဖြေများနှင့် စီရင်ထားသည့် ထင်ရှားသောကျမ်း ဖြစ်သည်။

ဆရာတော်သည် သက်တော် ၃၈နှစ်တွင် ပျံလွန်တော်မူခဲ့ရာ၊ ငယ်ငယ်ရွယ်ရွယ်နှင့် ကျမ်းပေါင်းများစွာ ပြုစုနိုင်သဖြင့် ထင်ရှားသော ကျမ်းပြုပုဂ္ဂိုလ်တစ်ပါးပင် ဖြစ်ပါသည်။ ။

ဦးအောင်သောင်း(မြန်မာစာပါမောက္ခ-ငြိမ်း)

mgyoe.com

mgyoe.com
SAMPLE BOOK

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ကျမ်းဦးပဏာမဂါထာ

'ဝေယျာကရဏာဝါဒီနံ၊ ပဝရံ ဝရဝါဒီနံ။
ဓမ္မံ ပဝေဒိတံ တေန၊ နတွာ တဿ ဂဏောပေတံ။ ။'

ဝတ္တဂါထာ

'သမန္တဘဒ္ဒရော လောကော၊ ပူဇိတော ဂဇသေဋ္ဌေဟိ။
သီလမဏ္ဍနဘူသန္တော၊ ဗဟုဿုတော သုတဒ္ဓါရော။ ။'

ဝတ္တဂါထာ

'ဣရိယာပထသမ္ပန္နော၊ ဓာဂရိယာနယောဂေါစ။
စာတုဒ္ဒီပိကစန္ဒော၀၊ ရာဇဂုရုတိ ဝိညာတော။ ။'

ဝတ္တဂါထာ

'ပဥ္စာပုစ္ဆကေသု ဆေကော၊ ဉာဏ,လင်္ကာရလဒ္ဓိ*တော။
အတ္တော၀ တဿ ပုစ္ဆိတွာ၊ သဗ္ဗဂဏ္ဍိသု သံသယံ။ ။'

ပထမ'ရ'ကာရ ဝိပုလာဂါထာ

'သုတကာမာန မတ္တာယ၊ ကရိဿံ ဝေယျာကရဏံ။
နိဿာမယထ သက္ကစ္စံ၊ ဒုလ္လဘာ ဟိ အယံကထာ။ ။'

ဒုတိယ'ဘ'ကာရ ဝိပုလာဂါထာ


mgyoe.com

mgyoe.com SAMPLE BOOK

## ပဏာမဂါထာ အနက်

အဟံ၊ ငါသည်။ ဝေယျာကရဏဝါဒိနံ၊ အမေး,အဖြေ ၂ ပါးစုံတို့ကို ဆိုလေ့ရှိကုန်သော ဆရာတို့ထက်။ ပဝရံ၊ မြတ်စွာထသော။ ဝရဝါဒိနံ၊ နိဗ္ဗာန် တရားကို ဟောလေ့ရှိသော မြတ်စွာဘုရားကို လည်းကောင်း။ တေန-ဝရဝါဒိ နာ၊ ထိုမြတ်စွာဘုရားသည်။ ပဝေဒိတံ၊ ဟောကြားတော်မူအပ်သော။ ဓမ္မဉ္စ၊ သူတော်တရား ၁၀ ပါးကို လည်းကောင်း။ တဿ- ဝရဝါဒိနော၊ ထိုမြတ်စွာ ဘုရား၏။ ဥပေတံ၊ သီလ, သမာဓိ စသောကျေးဇူးနှင့် ပြည့်စုံတော်မူသော။ ဂဏဉ္စ၊ အရိယာပုဂ္ဂိုလ် ၈ ယောက်အပေါင်းကို လည်းကောင်း၊ နတ္វာ-နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးဦး၍။

- လောကေ၊ လူ၌။ သမန္တဘဒ္ဒရော၊ ထက်ဝန်းကျင် ကောင်းတော်မူထ သော။ ဂဇသေဋ္ဌေဟိ၊ ဆင်ပြောင်ကဲ့သို့ပင် ဉာဏ်အားနှင့် ပြည့်စုံကုန်သော ပညာရှိသူမြတ်တို့သည်။ ပူဇိတော-ပူဇာရဟော၊ ပူဇော်ခြင်းငှာ ထိုက်တော်မူ ထသော။ သီလမဏ္ဍနဘူသန္တော၊ 'သီလ'တည်းဟူသော တန်ဆာကိုလည်း ဆင်တော်မူထသော။ ဗဟုဿုတော၊ များစွာသောအကြားအမြင်လည်း ရှိထသော။ သုတဒ္ဓါရော၊ သုတကိုလည်း ဆောင်တော်မူထသော။

- ဣရိယာပထသမ္ပန္နော၊ မပြတ် ကြွသွားခြင်းတည်းဟူသော ဣရိယာ ပုထ်နှင့် ပြည့်စုံတော်မူထသော။ ဇာဂရိယာနုယောဂေါစ၊ သတိသမ္ပဇဉ် ယှဉ်သော နှလုံး တည်းဟူသော နိုးကြားခြင်းနှင့်လည်း ယှဉ်တော်မူထသော။ စာတု ဒိပိကစန္ဒောဝ၊ ၄ ကျွန်းလှည့်သွား လရထားကဲ့သို့။ ရာဇဂုရူတိ၊ 'မင်းဆရာတော်' ဟူ၍လည်း။ ဝိညာတော၊ သိအပ်ထသော။

mgyoe.com SAMPLE BOOK

- ပဥှာပုစ္ဆကေသု၊ အမေး၏အဖြေတို့၌။ သေကော၊ တတ်သိလိမ္မာစွာ ထသော။ ဉာဏာလင်္ကာရလည္ဟုတော၊ 'ဉာဏာလင်္ကာရ မဟာဓမ္မရာဇဂုရု' ဟူသော တံဆိပ်နာမံတော်လည်း ရှိတော်မူထသော။ ယော ရာဇဂုရု၊ အကြင်မင်းဆရာတော်သည်။ အတ္တေဝ-အတ္တိဇေ၀၊ ရှိသလျှင်ကတည်း။ တဿ-ဂုရုနော၊ ထိုဆရာတော်အား။ သဗ္ဗဂဏ္ဍိသု၊ အလုံးစုံ ခက်ဆစ်တို့၌။ သံသယံ၊ ယုံမှားသင်္ကာကို။ ပုစ္ဆိတွာ-ပုစ္ဆာမိ၊ မေးလျှောက်၏။ ပုစ္ဆိတွာ၊ မေးလျှောက်ဦး၍ ။

- သုတကာမာနံ၊ သုတကို အလိုရှိကုန်သောသူတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဝေယျာကရဏံ၊ မေးကြောင်းနှင့်တကွ ဖြေရာဖြေကြောင်း ဖြစ်သော။ ပကရဏံ၊ ကျမ်းကို။ ကရိဿံ-ကရိဿာမိ၊ ပြုစီရင်ပေအံ့။ ဟိ၊ စင်စစ်။ မေ၊ ငါ၏။ အယံကထာ၊ ဤ 'အမေး,အဖြေ' တည်းဟူသော ခက်ဆစ်စကားသည်။ ဒုလ္လဘာ၊ ရခဲ၏။ တသ္မာ၊ ထိုသို့ရခဲသောကြောင့်။ တုမှေ-သာဓဝေါ၊ သင် သူတော်ကောင်းတို့သည်။ သက္ကစ္စံ၊ ရိုသေစွာ။ နိသာမယထ၊ နာလင့်ကုန်။


mgyoe.com

mgyoe.com
SAMPLE BOOK

# ပထမ ပုစ္ဆာ ၄ ချက်

မင်းလက်ဝဲနော်ရထာ လျှောက်ပါသည် ဆရာတော်ဘုရား။ ။

၁- တမလွန်ဘဝသို့ ပြောင်းသွားသောသူတို့အား ရည်မှတ်၍ လှူဒါန်းသော အဖို့ကို သားချင်းတို့က ဝေလျှင် မြင့်ရာက စီးသောရေသည် နိမ့်ရာသို့ စီးလေသကဲ့သို့ ရရာသည် ဟူ၍ ဟောတော်မူကြပါသည်။ ဖြစ်တိုင်းသောသတ္တဝါတို့ပင် ရမည်၊မရမည်ကို သိချင်ပါသည်။

၂- အဗ္ဗန္တရသရက်သီးကို စားသောသူတို့သည် အိုသော်လည်း ပျိုသည် ဟုဆိုသော စကားသည် သင်္ဂါယနာဝင်ကျမ်းများတွင် လာသည်-မလာသည်၊ သင်္ဂါယနာဝင်ကျမ်းတို့က လာသည် မှန်လျှင်လည်း သည် သရက်သီးမျိုးသည် တစ်ကမ္ဘာပတ်လုံး တည်သည် ဖြစ်မည်။ မည် သည့်တောအရပ်မှာ ရှိသည်ကို သိချင်ပါသည်။

၃- ဇာတ်နိပါတ်များတွင် နတ်တို့နှင့် လူ အတွေ့အမြင်ခံ၍ စကားပြောကြသည်။ လူနှင့် နတ်ဘီလူး အိမ်ရာထူထောင်သည်များကိုလည်း တွေ့ပါသည်။ ယခုကာလ မည်သည့်အကြောင်းကြောင့် နတ်ဘီလူးတို့သည် လူကို အတွေ့မခံ၊ အမြင်မခံ၊ စကားမပြော နေသည်ကို သိချင်ပါသည်။

၄- အသက်အသချေ နေသောကာလ လူတို့ ရုပ်သဏ္ဌာန်ကြီးသည် ၁ ဂါဝုတ်၊ ၂ ဂါဝုတ်၊ ၃ ဂါဝုတ်ရှိသည်။- ဟုဆိုပါသည်။ ထိုကာလ လူတို့ သုံးဆောင်စီးနင်းသော ဆင်၊မြင်း၊ကျွဲ၊နွားသည် လူကိုလိုက်၍ အသက်ရှည်ခြင်း၊ ရုပ်သဏ္ဌာန်ကြီးခြင်း ရှိမည်၊မရှိမည်။ ဇမ္ဗူဒိပ် ကျွန်းသားတို့ အသက်ရှည်၍ ရုပ်သဏ္ဌာန်ကြီးသောကာလ အိမ်ရာ


mgyoe.com

mgyoe.com SAMPLE BOOK

ဆောက်ရန် သစ်, ဝါး, ကြိမ်, နွယ်တို့သည် လူ့အသက်ကိုလိုက်၍ ကြီးမားရှည်မြင့်သည်၊ ယခုရှိသည့်အတိုင်း ရှိသည်-မရှိသည်၊ ဇမ္ဗူဒိပ် ကျွန်းတွင် ကံအလျောက် အသက်တိုခြင်း, အသက်ရှည်ခြင်း ရှိသည် ဖြစ်မည်။ ၃ ကျွန်းသားတို့မှာလည်း တိုခြင်း,ရှည်ခြင်း ရှိသည်-မရှိ သည်ကို သိချင်ပါသည် ဆရာတော်ဘုရား။

**သက္ကရာဇ် ၁၁၂၀ ပြည့် ကဆုန်လတွင် မင်းလက်ဝဲနော်ရထာက တောင်တွင်းဆရာ တော်ကို လျှောက်သည်။**

*


mgyoe.com

mgyoe.com
SAMPLE BOOK

## ပထမ ဝိသဇ္ဇနာ* ၄ ချက်

**၁- အလှူဒါနအကျိုး သေသူ ရ,မရ။- အဖြေ**

- သာဝတ္ထိပြည်တွင် 'ဇာဏုသောဏိ' ဆိုသောပုဏ္ဏားသည် ဘုရားသခင်အား လျှောက်သည်။

"အရှင်ဂေါတမ။ ကျွန်ုပ်တို့ပုဏ္ဏားခလေ့သည် 'သေလွန်သောသူတို့ ရပါလေစေ။' ဟူ၍ အလှူပေးသည်။ ကောင်းမှုပြုသည်။ ထို အလှူကောင်းမှု အကျိုးကို တမလွန်ဘဝသို့ ပြောင်းသွားလေသော သူတို့သည် ခံရစံရပါလိမ့်မည်လော။" ဟု မေးလျှောက်သည်ကို ဘုရားသခင်ဖြေတော်မူသည်ကား

"ပုဏ္ဏား။ ရသင့်သောအရပ်ဖြစ်လျှင် ခံစားရ၏။ မရသင့်သောအရပ်ဖြစ်လျှင် မခံစားရ။

"ရသင့်သောအရပ်, မရသင့်သောအရပ် ဟူသည်ကား- လူ့ပြည်, နတ်ပြည်အရပ်, ငရဲပြည်, တိရစ္ဆာန်ဘုံ၌ ဖြစ်သောသူတို့သည် ထိုဘုံ၌ဖြစ်သော အဝတ်အစား ချမ်းသာဆင်းရဲတို့ကိုသာ ခံစား၍နေရလေတော့သည်။ ရည်မှတ်၍ ပေးလှူသော အလှူကောင်းမှုအကျိုးကို မခံစားရကုန်။ ပြိတ္တာဘုံ၌ဖြစ်သော သူတို့သည်ကား- ထိုအလှူကောင်းကျိုးကို ခံစားရကုန်၏။

"ထိုပြိတ္တာဘုံ၌ပင် ဖြစ်သော်လည်း အကြောင်း ၃ ပါးညီမှ ခံစားရသည်။ အကြောင်း ၃ ပါး ဟူသည်ကား -

---
* ဖြေဆိုခြင်း။

mgyoe.com

SAMPLE BOOK

- ရည်မှတ်၍ ပေးလှူသည်လည်း ဖြစ်စေ။

- အမျှဝေသည်လည်း ဖြစ်စေ။

- ထိုပြိတ္တာလည်း လာခိုက်ကြုံ၍ အနုမောဒနာခေါ်သည်လည်း ဖြစ်စေ။

ဤအကြောင်း ၃ ပါးညီမှသာလျှင် ခံစားရသည်။" ဟု ဟောတော်မူသည်။

မြင့်ရာမှ ရွာသောမိုးရေသည် နိမ့်ရာအရပ်သို့ စီးသက်ဲသို့၊ ဟောတော်မူသောတရားတော်လည်း ထိုပြိတ္တာကိုပင် ရည်၍ သာမညဟောတော်မူသည်။

## ၂- အဗ္ဗန္တရသရက်သီးစား၍ နုပျိုခြင်း ဖြစ်,မဖြစ်။- အဖြေ

- အဗ္ဗန္တရသရက်သီးသည် အတုမရှိ ထူးမြတ်သောအရသာနှင့် ပြည့်စုံသောကြောင့် ဝဿဝဏ္ဏနတ်မင်းသော်လည်း သုံးဆောင်ကြောင်းကို သင်္ဂါယနာဝင်ကျမ်းတို့၌ လာသည်။ ထိုသရက်သီးကို စားသောသူတို့သည် 'အိုသော်လည်း နုပျိုသည်။'ဟု ဆိုသောစကားသည် သင်္ဂါယနာဝင်ကျမ်းတို့၌ မလာ။

သင်္ဂါယနာမဝင်သော ၅၅၀ ဇာတ်မှ အလွတ် ပဏ္ဏာသဇာတ်တွင်မူကား 'အဗ္ဗန္တရသရက်သီးကို စားသောသူတို့သည် အိုသော်လည်း နုပျိုသည်။ အရေလိပ်ခြင်း,ဆံပင်ဖြူခြင်း မရှိပြီ။ အနာမျိုး ၉၆ ပါး ကင်းသည်။'ဟူ၍ ဆိုသည်။

တည်ရာအရပ်သည်ကား ဟိမဝန္တာတောအရပ် တောင်စဉ် ၇ ထပ်အလွန်ရွှေတောင်ကြားတွင် ရှိသည်။ ထိုသို့ တောင်ကြား၌ရှိသောကြောင့် ထိုသရက်သီးကို 'အဗ္ဗန္တရ သရက်သီး' ဟူ၍ ခေါ်ဝေါ်ကြသည်။ အမြစ်မှစ၍ သံကွန်ရက် ၇ ထပ်တို့ဖြင့် ရံသည်။ အကုဋေ ၁၀၀၀ မျှလောက်သော ကုမ္ဘဏ်[၁],ရက္ခိုသ်[၂] တို့ကို ဝဿဝဏ္ဏနတ်မင်းက အစောင့်ထားသည်။ အသီးကို ရေတွက်၍ တစ်လုံးမျှမပျောက်ရအောင် နေ့,ညမပြတ် စောင့်ရသည် ဟူ၍ သင်္ဂါယနာဝင်သောကျမ်းတို့၌ ဆိုသည်။

---

၁- ကုမ္ဘဏ် = နတ်ဘီလူးတစ်မျိုး။

၂- ရက္ခိုသ် = ဥစ္စာ,ရေကန်တို့ကိုစောင့်ရှောက်သောနတ်တစ်မျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

## ၃- နတ်နှင့်လူတို့ ယခုအခါ တွေ့,မတွေ့။- အဖြေ

- နတ်ဘီလူးတို့သည် ပကတိသဘောအားဖြင့် လူတို့၏တွေ့မြင်ခြင်းကို အလိုမရှိ။- ဟူ၍ ကျမ်းဂန်တို့၌ ဆိုသည်။ ယခုဘဝတွင်ဖြစ်စေ, ရှေးဘဝက ဖြစ်စေ ကျေးဇူးအထူး ပြုဖူးခြင်း, ရန်ငြိုးဖွဲ့ခြင်း, ဂုဏ်ကျေးဇူးလွန်မြတ်ခြင်း, တစ်စုံတစ်ခု အကြောင်းထူးရှိမှ အတွေ့အမြင် ခံသည်။ စကား ပြောသည်။ ဇာတ်နိပါတ်များမှာ နတ်ဘီလူးတို့နှင့် တွေ့မြင်၏ပင် ဆိုသော်လည်း တစ်ဇာတ်နှင့် တစ်ဇာတ်သည် အနှစ်အထောင်, အနှစ်အသောင်း, အနှစ်အသင်္ချေကာလ ရှည်ဝေးတောင်းပင် ဖြစ်တော့သည်။

ယခု မြန်မာတို့တိုင်းနိုင်ငံတွင်လည်း မဟာသမ္ဘဝ,စူဠသမ္ဘဝတို့လက်ထက် ဘီလူးမနှင့် အိမ်ရာထောင်ကြောင်းကို လာသည်။ ပုဂံပြည်တွင်လည်း မိန်းမ တစ်ယောက်သည် 'ဥပါ'နှင့် အိမ်ရာထောင်၍ သားတစ်ယောက် ဖွားမြင်ဖူး သည်။-ဟု ရှေးထုံးမိသောပညာရှိတို့ ပြောစဥ် ရှိသည်။

ဘီလူးကို ရှေးသူဟောင်းတို့မှာ 'ဥပါ'ဟူ၍ ခေါ်သည်။

ထို့ကြောင့် ပါရမီခန်း၌-

'ဥပါခက်ဟု၊ ရမ္ဘက်မကြွင်း၊ ဆယ့်နှစ်သင်းသား၊ အပြင်းဖမ်းကြုး၊ တော ဘီလူးကို'ဟူ၍ စပ်တော်မူသည်။

ပုဂံ၌ တရုတ်ပြေးမင်းလက်ထက် တရုတ်တို့နှင့်တိုက်၍ ငဆောင်ချမ်း တပ် ပျက်သောအခါ၊ သရပါတံခါးစောင့်နတ်သည် ညအခါ တရုတ်ပြေးမင်း၏ ဆရာတော်ခြေကို လှုပ်၍ "အရှင်ဘုရား။ ယခု ငဆောင်ချမ်းတပ် ပျက်ချေသည်။ အကျွန်ုပ်တို့ နတ်ချင်းတိုက်ရာမှာလည်း ကျွန်ုပ်ကို မြားသင့်ချေသည်။"ဟု ပြောလာကြောင်းကို ရာဇဝင်များတွင် လာသည်များကိုထောက်၍ ဇာတ်နိပါတ် တို့မှာသာ နတ်ဘီလူးတို့နှင့် တွေ့မြင်ရသည် မဟုတ်။ မြန်မာတို့တိုင်းနိုင်ငံ၌လည်း စိုးစဥ်းတွေ့မြင်ကြောင်းကို ထုံးဟောင်းသက်သေပင်ရှိသည် ဖြစ်တော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၄– အသက်အသချေ်ယျတမ်း၌ ရုပ်သဏ္ဍာန် ကြီး,မကြီး။– အဖြေ

– အသက် အသချေ်နေသောကာလ လူတို့ရုပ်သဏ္ဍာန်ကြီးသဖြင့် လူတို့ကံနှင့် စပ်၍ဖြစ်သော ဆင်,မြင်း,ကျွဲ,နွား,သစ်,ဝါး,ကြိမ်,နွယ်တို့သည် ထိုလူတို့နှင့်လျော်ကပ်စွာ ကြီးကုန်သည်။

အဘယ်ကိုထောက်၍ သိရသနည်းဟူမူကား– ဇေတဝန်ကျောင်းတော်ရာသည် ကကုသန်ဘုရားရှင်လက်ထက် ၁ ဂါဝုတ်[၁] ရှိသည်။ ကောဏာဂုံဘုရားရှင်လက်ထက် ဂါဝုတ်ခွဲ ရှိသည်။ ကဿပဘုရားရှင်လက်ထက် ဥသဘ[၂] ၂၀ ရှိသည်။ ငါတို့ဘုရားရှင်လက်ထက် ပကတိပယ်ဖြင့် ၁၆ ပယ်[၃]၊ မင်းပယ်ဖြင့် ၈ ပယ် ရှိသည်။ သည်များမှာ အသက်ရှည်သဖြင့် နေရာဌာနကျယ်သည်ကို ထောက်၍ သိရလေသည်။

တစ်ကြောင်းလည်း သတ္တဝါအပေါင်းတို့တွင် လူသာ ပဓာနဖြစ်သည်။ 'လူတို့မှာ ကုသိုလ်ပွားသောအခါ တိရစ္ဆာန်တို့သည် ကုသိုလ်ပွားသည်။ လူတို့မှာ အကုသိုလ်ပွားသောအခါ တိရစ္ဆာန်တို့မှာ အကုသိုလ်ပွားသည်' ဟူ၍ ကျမ်းဂန်လာသည်ကို ထောက်သဖြင့် လူတို့ကို အမှီပြု၍ချည်း ဖြစ်ကုန်သည်။

အရှေ့ကျွန်း, အနောက်ကျွန်းမှာ အသက် ၇၀၀၊ မြောက်ကျွန်းမှာ အသက် ၁၀၀၀ အမြဲနေကုန်သည်။ တောင်ကျွန်းမှာကဲ့သို့ ဆုတ်သည်,တက်သည် မရှိ။ အဘယ်ကြောင့် မရှိလေသနည်းဟူမူကား ဓမ္မတာသီလ မြဲသောကြောင့် သီလ၏ အာနုဘော်အားဖြင့် အမြဲ တည်လေကုန်သည်။ တောင်ကျွန်းမှာမူကား သီလသည် မမြဲသောကြောင့် သီလအားနည်းတိုင်း အသက် ဆုတ်သည်။ အားကြီးတိုင်း အသက် တိုးလေတော့သည်။

သက္ကရာဇ် ၁၁၂၀ ပြည့် ကဆုန်လတွင် အိမ်ရှေ့ဆရာတော်ဘုရား ဖြေတော်မူသည်။

♦

---

၁– ဂါဝုတ် = ရှေး မြန်မာ့ခရီးယှဉ်ဖော်အကွာအဝေးတိုင်းတာသော အတိုင်းအတာ။
၂– ဥသဘ = ရှေး မြန်မာ့ခရီးအကွာအဝေး အတိုင်းအတာ။
၃– ပယ် = ရှေး မြန်မာ့မြေ အတိုင်းအတာ။

mgyoe.com

mgyoe.com
SAMPLE BOOK

# ဒုတိယ ပုစ္ဆာ ၄ ချက်

မင်းလက်ဝဲနော်ရထာ လျှောက်ပါသည် ဆရာတော်ဘုရား။ ။

၁- 'မနော်ဟရီဇာတ်သည် ၅၅၀ ဇာတ်သို့ မဝင်။ အခြား ပဏ္ဏာသဇာတ်ကျမ်းတို့မှလာသည်။'ဟု ဆိုကြပါသည်။ ပဏ္ဏာသဇာတ်ကျမ်းသည် မည်သူဟောသောကျမ်း ဖြစ်မည်။ မနော်ဟရီဇာတ်သည် မှန်သည်၊ မမှန်သည်ကို သိချင်ပါသည်။

၂- မဇ္ဈိမဒေသ မဟာဗောဓိပုံများတွင် 'ကပိလဝတ်ပြည်သည် မဟာဗောဓိအနောက်၊ သာဝတ္ထိပြည်သည် တောင်၊ ရာဇဂြိုဟ် မြောက်၊ မိထိလာ အရှေ့' ဟူ၍ တွေ့ပါသည်။

မိထိလာပြည်တွင်လည်း မဟော်ဇာတ်ကိုထောက်၍ ဘုရားရှင်စွယ်တော် စစ်ထားတော်မူသည် ဆိုသည်။ မိထိလာပြည်နှင့် စွယ်တော်ကိုရှာသော် ယခု တရုတ်ပြည်ကိုပင် ဆိုကြပါသည်။ မဇ္ဈိမဒေသတိုင်း ၁၆ တိုင်းအဝင် တရုတ်ပြည်မှန်လျှင် မဟာဗောဓိမဏ္ဍိုင်က စက်ကြိုးပင်လှည့်သော်လည်း သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်းသည် စက်တွင်းတွင်ပင် ရှိရာသည်။ စက်တွင်း မှန်ကလည်း မဇ္ဈိမဒေသပင် ဖြစ်ပါသည်ကို 'ပစ္စန္တရစ်၌ သာသနာတော်တည်လတ္တံ့။'ဆိုသော စကားသည် လည်းကောင်း၊ 'လယ်ကိုင်း စန္ဒကူးကျောင်း၌ ဝါဆိုတော်မူသည်။ ပစ္စန္တရစ်ဖြစ်၍ အရဏ်ခံတော် မမူ။'ဆိုသောစကားသည် လည်းကောင်း မညီမညွတ် ရှိခဲ့သည်။ မဇ္ဈိမဒေသ နေရပ်ပုံစံစကားများကို အချက်ကျကျ သိချင်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

၃- လောကဒေါပဟာရစကား 'ကလေးမြို့ကို ရာဇဂြိုဟ်' ဆိုကြသည်။ 'ဥရုရက်သားကို ဥရုဝေဠုတို့နေရာ' ဆိုသည်။ 'လယ်ကိုင်းမြို့ကိုလည်း ကောသမ္ဗီပြည်' ဆိုကြသည်။ 'မဇ္ဈိမဒေသပုံမှာလည်း ကောသမ္ဗီပြည် မဟာဗောဓိအနောက်တောင် ၂ လခရီး' ဆိုသည်။ သည်အချက်များကို ထောက်၍ ရှင်းရှင်းလင်းလင်းသိချင်ပါသည်။

၄- အကုသိုလ်၏အကျိုးသည် ကမ္ဘာ ၁ သိန်းလွန်လျှင် အဟောသိကံ ဖြစ်သည်ဟု ဆိုသည်။ ပါရမီတော်ခန်းတွင်လည်း 'အကုသိုလ်ကို၊ အဟိုကမ္ဘာ၊ သချေ်ကြာလည်း၊ ဆုံးငှာမပျောက်၊ ခံရလောက်လျက်၊ သံကျောက်မီးစာ၊ အဖော်ပါသို့'ဟူ၍လည်း စပ်တော်မူသည်။ သည် အချက်များကိုလည်း သိချင်ပါသည်။

သက္ကရာဇ် ၁၁၂၀ ပြည့် နယုန်လတွင် မင်းလက်ဝဲနော်ရထာက တောင်တွင်းဆရာတော်ကို လျှောက်သည်။

*


mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယ ဝိသဇ္ဇနာ ၄ ချက်

### ၁- ပဏ္ဏာသဇာတ်များ ဘုရားဟော ဟုတ်,မဟုတ်။- အဖြေ

- ပဏ္ဏာသဇာတ်သည် ဘုရားဟောကျမ်းမျိုးအရေအတွက်၌ မဝင်။ ကျမ်းသမိုင်းတို့၌လည်း မည်သည့်ဆရာပြုသည် ဟူ၍ မလာ။ ဆရာကြီးတို့မူကား 'ဇင်းမယ်အရပ်က ဖြစ်သည်'ဟူ၍ ပြောစဉ်ရှိသည်။ ပဏ္ဏာသဇာတ်ကိုယ်တွင်ဆိုသော စကားစဉ်မှာမူကား ဘုရားဟောဟန် ဆိုသည်။ သူ့ကျမ်းတွင်ဆိုသော စကားအရသည်ကား အချို့အရာ၌ သင့်တင့်လျောက်ပတ်၏။ အချို့အရာ၌ တရားကျမ်းဂန်နှင့်ထောက်သော် လွန်လွန်းသည်။ 'မနော်ဟရီဇာတ်, သမပိုက်ဇာတ်, သန်ပတ္တဇာတ်များသည် ပဏ္ဏာသကျမ်းတွင် လာသည်။ ဘုရားဟော မဟုတ်။ ရာဇဝင်ကဲ့သို့ ပညာပွား စကားပြောရရုံ ရှိ၏။

### ၂- မဇ္ဈိမဒေသ၌ တရုတ်ပြည် ဝင်,မဝင်။- အဖြေ

- မဇ္ဈိမဒေသအရပ်သည် ဇမ္ဗူဒိပ်ကျွန်း ၁ သောင်း၏ အလယ်အချက်အချာ၌ အလျား ယူဇနာ ၃၀၀, အဝန်းယူဇနာ ၉၀၀ ရှိသည်။ ကျွန်း၏အလယ်အချက်၌ ဖြစ်သောကြောင့် 'မဇ္ဈိမဒေသ'ဟူ၍ ခေါ်ဝေါ်သည်။ ပင်လယ်သမုဒ္ဒရာသည်ကား ဇမ္ဗူဒိပ်ကျွန်းပြင်ဘက်နားကို လည်၍စီးသည်။ တရုတ်ပြည်သည်လည်း ပင်လယ်နားပင် ဆိုသည်။ သည်ကိုထောက်သော် တရုတ်ပြည်သည် မဇ္ဈိမဒေသ မိထိလာပြည် ဟုတ်မည် မထင်။ စွယ်တော်ရှိကြောင်းကိုလည်း

SAMPLE BOOK

ကျမ်းဂန်၌ဆိုသည် မဟုတ်။ ရာဇဝင်တွင်သာ ဆိုသည်။ စွယ်တော်သည် စင်စစ် ရှိသည်ဖြစ်စေ။ နောက်မှ အဆင့်ဆင့်ရောက်သည် ဖြစ်မည်။

အဘယ်ကဲ့သို့နည်း ဟူမူကား- မြတ်စွာဘုရားသပိတ်တော်ကို သာဝတ္ထိပြည်သို့ ရှင်အာနန္ဒာ ယူဆောင်သွားကြောင်းကို အဋ္ဌကထာကျမ်းကြီးတို့၌ ဆိုသည်။ သီဟိုဠ်ဖြစ် နဋ္ဌာတဓာတုဝင်ကျမ်းတွင် သာဝတ္ထိပြည်မှသည် နောက် ကလိင်္ဂရာဇ်ပြည်သို့ ရောက်ကြောင်းကို ဆိုသည်။ သီဟိုဠ်ရာဇဝင်တို့၌ ကလိင်္ဂရာဇ်ပြည်မှ နောက် သီဟိုဠ်ကျွန်းသို့ ရောက်ကြောင်းကို ဆိုသည်။ မြန်မာရာဇဝင်တို့၌ ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် သီဟိုဠ်ကျွန်းမှသည် ဟံသာဝတီသို့ ရောက်သည်။ ဟံသာဝတီမှသည် တောင်ငူသို့၊ တောင်ငူမှသည် အင်းဝသို့ရောက်ကြောင်းကို ဆိုသည်များမှာ သပိတ်တော်သည် နောက်မှ အဆင့်ဆင့် တစ်ရပ်ကသည် တစ်ရပ်ရောက်သကဲ့သို့၊ စွယ်တော်လည်း အဆင့်ဆင့် တရုတ်ပြည်သို့ရောက်သည် ဖြစ်မည်။

'ရာဇဂြိုဟ်ပြည်မှသည် တောင်အရပ်၌ သာဝတ္ထိပြည်သည် ၄၅ ယူဇနာ ကွာသည်။ သာဝတ္ထိပြည်မှသည် သုနာပရန္တတိုင်း ဝါဏိဇရွာ၌ စန္ဒကူးသရက္ခန် ကျောင်းတော်သည် ယူဇနာ ၁၂၀ ကွာသည်။' ဟူ၍ သဋ္ဌာယတနသံယုတ် အဋ္ဌကထာ, ဥပရိပဏ္ဏာသ အဋ္ဌကထာတို့၌ ဆိုသည်။ သည်ကိုထောက်သော် စန္ဒကူးကျောင်းတော်နှင့် ရာဇဂြိုဟ်ပြည်သည် ၅ လခွဲခရီး ကွာလေသည်။

## ၃- လယ်ကိုင်းမြို့ ကောသမ္ဗီပြည် ဟုတ်,မဟုတ်။- အဖြေ

- ယခုကျောင်းတော်ရာနှင့် ကလေးမြို့သည်ကား ၁ လမျှ ခရီးမကွာကြသည်ကိုထောက်လျှင် 'ကလေးမြို့ကို ရာဇဂြိုဟ်၊ ဥရုရက်သားကို ဥရုဝေဠတို့ နေရပ်' ဆိုသည်မှာ လောကဝေါဟာရစကားသာ ဖြစ်သည်။ တရားကျမ်းဂန်နှင့် မလျော် 'စန္ဒကူးသရက္ခန်ကျောင်းတော်သည် သုနာပရန္တတိုင်း ဝါဏိဇရွာ၌ တည်သည်။ မြတ်စွာဘုရားသည် ၇ ရက် ကိန်းအောင်းတော်မူသည်။ ပစ္စန္တရစ်


mgyee.com

mgyoe.com SAMPLE BOOK

အရပ်ဖြစ်၍ အရဏ်မခံ။ မဇ္ဈိမဒေသသို့ပြန်၍ အရဏ် ခံတော်မူသည်။'ဟု ပုဗ္ဗောဝါဒသုတ် အဋ္ဌကထာတွင်ဆိုသောကြောင့် စန္ဒကူးကျောင်းတော်သည် ပစ္စန္တရစ်၌ ဖြစ်သည်။ ကောသမ္ဗီပြည်သည်ကား- မဇ္ဈိမဒေသအရပ်မှာ ဖြစ်သည်။ ထို့ကြောင့် 'လယ်ကိုင်းမြို့ကို ကောသမ္ဗီ' ဆိုသောစကားသည် ကျောင်းတော်ရာနှင့်ထောက်သော် မလျော်။

## ၄- ကမ္ဘာ ၁သိန်းလွန်လျှင် အကုသိုလ်ကံ ပျောက်,မပျောက်။- အဖြေ

- 'အကုသိုလ်ကံ၏အကျိုး ကမ္ဘာ ၁ သိန်း'ဆိုသောစကားသည် ဥပလက္ခဏာ*နည်းအားဖြင့် မှတ်၍ဆိုသောစကား ဖြစ်သည်။ စကားဖြော့င် အဓိပ္ပာယ်ကား 'ကုသိုလ်,အကုသိုလ်ကံ မည်သည် ပျောက်သည်ဟူ၍ မရှိ။ အခွင့်သာလျှင် ကမ္ဘာ ၁ သိန်း, ကမ္ဘာအကုဋေပေါင်း ကြာသော်လည်း အကျိုးပေး၏'ဟု ဆိုလိုသည်။

အဘယ်ကိုထောက်၍ သိရသနည်းဟူမူကား 'ဇော ၇ ချက်တို့တွင် ပထမဇော ကုသိုလ်,အကုသိုလ်ကံသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေး၏။ အခွင့်မသာ၍မပေးလျှင် နောင်ဘဝ၌ အကျိုး မပေးပြီ။ အဟောသိကံ ဖြစ်လေတော့သည်။ သတ္တမဇော ကုသိုလ်, အကုသိုလ်ကံသည် အခြားမဲ့သောဘဝ၌ အကျိုးပေး၏။ အခွင့်မသာ၍ မပေးလျှင် အဟောသိကံ ဖြစ်လေတော့သည်။ အလယ်ဇော ၅ ချက် ကုသိုလ်, အကုသိုလ်ကံသည်ကား တဏှာကုန်၍ နိဗ္ဗာန်မရသမျှ အဟောသိကံ ဖြစ်သည် ဟူ၍ မရှိ။ အခွင့်သာလျှင် အကျိုးပေးလေတော့သည်။ တဏှာကုန်၍ နိဗ္ဗာန်ရမှ အဟောသိကံ ဖြစ်သည်'ဟု အဋ္ဌကထာ ဋီကာအစောင်စောင်တို့၌ ဆိုသည်ကို ထောက်၍ 'ကမ္ဘာ ၁သိန်း'ဆိုသောစကားသည် ဥပလက္ခဏာအမှတ်မျှသာ ဖြစ်သည်။ ကမ္ဘာအသင်္ချေပေါင်း ကြာသော်လည်း အခွင့်သာက အကျိုးပေး၏။-ဟု မှတ်ရာသည်။

* ကပ်၍မှတ်ခြင်း။ အမှတ်။

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ကြောင်းလည်း 'အဂ္ဂသာဝကတို့မှာ ၁ သင်္ချေနှင့်ကမ္ဘာ ၁ သိန်း၊ ပစ္စေကဗုဒ္ဓါတို့မှာ ၂ သင်္ချေနှင့်ကမ္ဘာ ၁ သိန်း၊ ဘုရားသဗ္ဗညူမှာ ၄ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းထက်ကပြုခဲ့သော ကုသိုလ်သည် အဟောသိကံ*မဖြစ်။ အဆုံးစွန် ဘဝတိုင်အောင် လိုက်၍ ထောက်ပံ့သည်။'ဟု တရားကျမ်းဂန်တို့၌ ဆိုသောကြောင့် ပါရမီခန်း၌ စပ်တော်မူသည့်အတိုင်း မှတ်ရာသည်။

သက္ကရာဇ် ၁၁၂၀ ပြည့် နယုန်လတွင် တောင်တွင်းဆရာတော်ဘုရား ဖြေတော်မူသည်။

◆

* အဟောသိကမ္မ - အကျိုးပေးခြင်းငှာ မစွမ်းနိုင်သောကံ။ အဟောသိကံ။

mgyoe.com

mgyoe.com
SAMPLE BOOK

# တတိယ ပုစ္ဆာ ၄ ချက်

မင်းလက်ဝဲနော်ရထာ လျှောက်ပါသည် ဆရာတော်ဘုရား။ ။

၁- စကြာရတနာ၏ အကြောင်းအရာ, အခန့်ပမာဏ, အဆင်းသဏ္ဌာန်များကို သိချင်ပါသည်။

၂- ဘီလူးတို့၌ ပဋိသန္ဓေ ၃ ပါးတွင် မည်သည့်ပဋိသန္ဓေ ဖြစ်မည်ကို သိချင်ပါသည်။ အဟိတ်ပဋိသန္ဓေဖြစ်လျှင် သောတာပတ္တိမဂ်ကို ရဖွယ်ရာ မရှိပါသည်ကို 'အာဠာဝကဘီလူး သောတာပန် ဖြစ်သည်။'ဟု ဆိုကြပါသည်ဘုရား။

၃- ဘုရားသဗ္ဗညု ပရိနိဗ္ဗာန်ယူတော်မူသည့်နောက် ငုပ်သည် ၉ ပါး, ပေါ်သည် ၉ ပါး ရှိသည်။ 'ပုပ္ပားတောင်သည်လည်း ပေါ်သည် ၉ ပါးအဝင်' ဆိုသောစကားသည် သင်္ဂါယနာဝင်ကျမ်းတို့ကလာသည့် စကား ဖြစ်မည်,မဖြစ်မည်ကို သိချင်ပါသည်။

၄- သဗ္ဗညုဘုရားသခင်သည် 'ငါ ပရိနိဗ္ဗာန်ယူတော်မူသည့်နောက် ငါ၏ ဓာတ်တော် မွေတော်တို့သည် သတ္တဝါအပေါင်းတို့ ပူဇော်သက္ကာရပြုရာ အရပ်သို့ ရောက်လတ္တံ့။'ဟု ဗျာဒိတ် ထားတော်မူသည်။ 'သာသနာတော်သည်လည်း မဇ္ဈိမဒေသမှသည် ပစ္စန္တရစ်သို့ရောက်လတ္တံ့ ဗျာဒိတ်ထားတော်မူသည်။'ဟု ဆိုသည်။

ရာဇမဏိစူဠာ မဟာရာမ်များတွင် တိပိဋကာလင်္ကာရဆရာတော်တို့ စီရင်တော်မူသည့် ဝဇီရပြည်၌ သက်နန်းတော်, သပိတ်တော်၊ ကုလဃရပြည်၌ သင်းပိုင်တော်၊ ကပိလဝတ်ပြည်၌ ခင်းနှီးနေရာတော်၊ ပါဋလိပုတ်ပြည်၌ ဓမ်ကက


mgyoe.com

mgyoe.com SAMPLE BOOK

ရိုဏ်တော်၊ စမွှာပြည်၌ ရေသနုပ်တော်၊ သာဝတ္ထိပြည်၌ ဥဏ္ဏလုံမွေးရှင်တော်၊ ဥဇ္ဇေနီပြည်၌ ခင်းနှီးတော်၊ ထိုမှတစ်ပါးလည်း စွယ်တော်များကို အသီးအသီး ရှိပြန်နှင့် ဆိုသည်။

ဓာတ်တော်,မွေတော် အသုံးအဆောင်တို့သည် သာသနာတော်တည်စဉ်၌သာ နေ၍ သာသနာထွန်းပရာ ပူဇော်သက္ကာရရှိရာသို့ ပြောင်းကြွတော်မူသည်မှန်လျှင် သာသနာတော်တည်ရပ် သုနာပရန္တ တမ္ဗဒီပတိုင်းတို့၌ ထင်ထင်ရှားရှားရှိရပါမည်။ သာသနာတော် မတည်သည့်အရပ်ဒေသမှာ သာသနာတော် ၅၀၀၀ တိုင်အောင်နေသော်လည်း ကိုးကွယ်မည့်သူမရှိလျှင် သတ္တဝါတို့ ချမ်းသာ မရ ရှိမည်။ ဘုရားရှင်လည်း သတ္တဝါတို့၏အကျိုးကို ရည်၍ ဓာတ်တော်, မွေတော် ထားတော်မူရင်း ဖြစ်သည်။ သာသနာတော် မရှိသောအရပ်၌ ထားတော်မူရင်းတိုင်း ရှိမည်,မရှိမည်ကိုလည်း သိချင်ပါသည်။

**သက္ကရာဇ် ၁၁၂၀ ပြည့် ဝါဆိုလတွင် မင်းလက်ဝဲနော်ရထာက တောင်တွင်းဆရာတော်ဘုရားကို လျှောက်သည်။**

*


mgyoe.com

mgyoe.com SAMPLE BOOK

## တတိယ ဝိသဇ္ဇနာ ၄ ချက်

### ၁- စကြာရတနာ အခြင်းအရာ မည်သို့ရှိသည်။- အဖြေ

- စကြာရတနာသည် ပုံတောင်းခွေပတ် အကွပ်အကန့်တို့နှင့် အပြည့်အစုံ ရထားလှည်းဘီးစက်ကဲ့သို့ ရှိသည်။ စကြာမင်း အသက်တမ်း တိုသောကာလ တွင် ဖြစ်လျှင်လည်း လူတို့၏အရပ်နှင့်လျောက်ပတ်စွာ ပမာဏ ငယ်သည်။ အသက်တမ်း ရှည်သောကာလတွင်ဖြစ်လျှင်လည်း ပမာဏ ကြီးသည်။ အကြီး, အငယ် ပမာဏသည် အမြဲမရှိ။

အဆင်းသဏ္ဌာန်အခြင်းအရာကား ထိုစကြာရတနာ၏ ပုံတောင်းအချက် သည် ဣန္ဒနီလာ ရတနာခဲဖြင့် ပြီးသည်။ ပုံတောင်း၏အလယ်၌ ကျည်ဝသည် ကား ကျော*ရွက်ငွေစင်ဖြင့် ပြီးသည်။ ထိုကျည်ဝကြောင့် သန့်ရှင်းပြေပြစ် ကျစ်လျစ်လှပစွာသော သွားအစဉ်ဖြင့် ရယ်ဘိသကဲ့သို့ ပုံတောင်းအချက် တင့် တယ်သည်။ ပုံတောင်း ၂ ဖက် ပြင်စွန်းတို့တွင် အလယ်၌ပေါက်သော လဝန်း ကဲ့သို့ ငွေပြားခွေပတ်တို့ဖြင့် ရံကုန်သည်။ ထို ပုံတောင်းကျည်ဝ,ခွေပတ်တို့၏ အကြား သင့်ရာသင့်ရာအရပ်တို့၌ အပိုင်းအခြားအရေးတို့သည်လည်း အကြောင်း အကြောင်း ရှု၍မညောင်း ထင်ကုန်သည်။ ဤကား ပုံတောင်း၏ အခြင်းအရာ အထူးအဆန်းနှင့် ပြည့်စုံဟန်ကို ဆိုသည်။

ထိုစကြာရတနာ၏ အကန့်တို့သည် ၁၀၀၀အရေအတွက် ရှိကုန်သည်။ ထို ၁၀၀၀သော အကန့်တို့သည်လည်း ရတနာ ၇ ပါးတို့နှင့် ပြီးကုန်သည်။

---

* သန့်စင်သည်။

mgyoe.com

SAMPLE BOOK

တက်သစ်သောနေလုလင်၏ အရောင်ကဲ့သို့ ရဲရဲခြင်းမျှ ထွန်းဝင်းသောအရောင်တို့နှင့် ပြည့်စုံကုန်သည်။ ထိုအကန့် ၁၀၀၀၏ သင့်ရာသင့်ရာအရပ်တို့၌ ကြာသွတ်အိုး, ရွဲသေး,ရွဲလုံး, အပိုင်းအခြားအရေး စသည်တို့သည် အသီးအသီး ရှု၍မငြီးအောင် ထင်ကုန်သည်။ ဤကား အကန့်တို့၏ အခြင်းအရာ အထူးအဆန်းနှင့်ပြည့်စုံဟန်ကို ဆိုသည်။

ထိုစကြာရတနာ၏ အကွပ်သည်ကား ရဲရဲခြင်းခြင်း သန့်ရှင်းပြေပြစ်လှစွာသော သန္တာနီဖြင့် ပြီးသည်။ တက်သစ်သောနေလုလင် အရောင်စုံကျက်သရေကို ပြက်ရယ်ပြုဘိသကဲ့သို့ ထွန်းလင်းတင့်တယ်သည်။ ထိုအကွပ်၏အစပ်အဆက်တို့၌ ညချမ်းဆည်းဆာရောင်၏ကျက်သရေရှိသော ရဲရဲနီသောဇမ္ဗူရာဇ်ရွှေပြား အပိုင်းအခြားအရေးတို့သည် အခြားအခြား ထင်ကုန်သည်။ ဤသည်ကား အကွပ်၏ အခြင်းအရာ အထူးအဆန်းနှင့်ပြည့်စုံဟန်ကို ဆိုသည်။

ထိုစကြာရတနာ၏ အကွပ်ဝန်း၏အပြင်၌ ၁၀ကန့်-၁၀ကန့်တို့အကြားတွင်, သန္တာရိုး ၁၀၀ အတွင်း၌ အပေါက်ရှိသော မှုတ်သောခရသင်းကဲ့သို့ အပေါက်ဝန်းဖြင့် စီစဉ်သည်ဖြစ်၍ လေညင်းယူလျက် လည်သည်။ လေခတ်လတ်သော် ထိုသန္တာရိုး ၁၀၀၏အသံသည် "တတ်လှစွာသောသူသည် တီးအပ်သော စည်မျိုး ၅ ပါး၏အသံကဲ့သို့ သာယာစွာ နှစ်သက်ဖွယ်ရှိသည်။ သန္တာရိုး ၁၀၀ ၏ အထက်၌ ထီးဖြူ ၁၀၀, ထီးဖြူ ၁၀၀ ၏ နံပါး ၂ ဖက်၌ ကောင်းစွာသီကုံးအပ်သော ပန်းဆိုင်း ၂၀၀စီ ရုံသည်။ ဤသို့လျှင် ပန်းဆိုင်း ၂၀၀, ထီးဖြူ ၁၀၀ တို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ သန္တာရိုး ၁၀၀တို့ဖြင့် ကောင်းစွာတင့်တယ်သောအကွပ်ဖြင့် ပတ်အပ်သော စကြာရတနာ၏ ပုံတောင်း ၂ ဖက်, ကျည်ဝ ၂ ဖက်တို့၏အတွင်း၌ ခြသေ့်ခံတွင်း ၂ ခု ရှိသည်။ ထိုခြသေ့်ခံတွင်း ၂ ခုတို့မှ ထန်းလုံးပမာဏရှိသော ပုလဲဆိုင်း ၂ သွယ် တွဲလျားဆွဲသည်။ ထိုပုလဲဆိုင်း ၂ သွယ်တို့သည် လပြည့်ဝန်းအရောင်စုံနှင့်တူသော၊ ကျက်သရေ ရှိသော နေလုလင်နှင့်တူသော ရဲရဲနီသောကမ္ဗလာအိမ်လျှင် အပိုင်းအခြားရှိကုန်သည် ဖြစ်၍

gyoe.com SAMPLE BOOK

တွေတွေစီးသော ကောင်းကင်မြစ်ကို ပြက်ရယ်ပြုဘိသကဲ့သို့ တင့်တယ်ကုန်သည်။ ထိုပုလဲဆိုင်း ၂ သွယ်တို့သည် စကြာရတနာနှင့်အတူတကွ ကောင်းကင်၌လည်သော် လှည်းဘီး ၃ ခုတို့သည် တစ်ပြိုင်နက်တစ်ချက်တည်း လည်ဘိသကဲ့သို့ ထင်ကုန်၏။ ။ဤကား ကျမ်းဂန်လာသည့် စကားစဉ်အတိုင်းဆိုသည်။

နားလည်ရုံ အဓိပ္ပာယ်အကျဉ်းကား- စကြာရတနာ၏ ပုံတောင်းသည် ဣန္ဒနီလာရတနာဖြင့် ပြီးသည်။ ပုံတောင်း၏အလယ်၌ ကျည်ဝသည် ငွေဖြင့်ပြီးသည်။ ထိုကျည်ဝ ၂ ဖက်မှ ခြသေ့ခံတွင်း ၂ ခု ရှိသည်။ ထိုခြသေ့ခံတွင်းဝယ် ပုလဲဆိုင်း ၂ သွယ် ဆွဲသည်။ ပုံတောင်း၏အပြင်၌ ငွေပြား ပတ်ရံသည်။ သင့်ရာသင့်ရာတွင် အပိုင်းအခြားအရေးစိတ်သည် အကန့် ၁၀၀၀ ရှိသည်။ ထိုအကန့် ၁၀၀၀ သည် ရတနာ ၇ ပါးဖြင့် ပြီးသည်။ သင့်ရာသင့်ရာတွင် ကြာသွတ်အိုး,ရွှဲလုံး,ရွှဲသေး,အပိုင်းအခြားတို့ဖြင့် ခြယ်လှယ်သည်။ အကွပ်သည် သန္တာဖြင့် ပြီးသည်။ အကွပ်အစပ်အဆက်၌ ဇမ္ဗူရစ်ရွှေပြား အပိုင်းအခြားအရေးတို့ဖြင့် ခြယ်လှယ်သည်။ အကွပ်ဝန်းအပြင်၌ သန္တာရိုး ၁၀၀ သည် အပေါက်ဝန်းဖြင့် စီရင်အပ်သည်ဖြစ်၍ လေညင်းယူလျက် လည်သည်။ လေခတ်လတ်သော် တတ်လှစွာသောသူတီးသော စည်,စောင်း,ငြင်းကဲ့သို့ သာယာစွာမြည်သည်။ ထိုသန္တာရိုး ၁၀၀ ပေါ်၌ ထီးဖြူ ၁၀၀ ဆောက်သည်။ ပန်းဆိုင်း၂၀၀ ဆွဲသည်။ ။ဤကား နားလည်ရုံအဓိပ္ပာယ် အကျဉ်းတည်း။

ထိုစကြာရတနာသည် လပြည့်နေ့ စကြာမင်း ဥပုသ်သုံး၍နေစဉ် အရှေ့လောကဓာတ်မှ လနှင့် တစ်ပြိုင်နက်ထွက်သည်။ ၁၀ ယူဇနာအကွာကပင် အပေါက် ၁၀၀ မှလာသော လေခတ်သောအသံသည် နတ်တို့၏တူရိယာပေါင်း ၆ သောင်းတို့ကို တစ်ပြိုင်နက်တီးဘိသကဲ့သို့ သာယာစွာ အသံကြားရသည်။ ၁ ယူဇနာကွာအရပ်သို့ ရောက်လျှင် လ ၂ ခု ထွက်ဘိသကဲ့သို့ သူခပ်သိမ်းတို့

mgyoe.com

SAMPLE BOOK

မြင်သည်။ ပြည်သူပြည်သားတို့သည် ဝမ်းမြောက်ဝမ်းသာကြည့်၍နေစဉ်၊ မြို့ကို လက်ယာရစ် ၇ ပတ်လှည့်၍၊ စကြာမင်း၏နန်းရှေ့ မနိမ့်မမြင့်ကောင်းကင်တွင် ဝင်ရိုးကျိုးဘိသကဲ့သို့ ရပ်၍ နေသည်။ စကြာမင်း ရွှေကရားနှင့် ရေစက်သွန်းလျှင် စကြာရတနာ လည်သည်။ စကြာရတနာလည်လျှင် အမွှေးအမတ် ပရိသတ်နှင့် တကွ စကြာမင်းသည် ကောင်းကင်သို့ ရောက်လေတော့သည်။ ပြည်သူ လူခပ်သိမ်းတို့ပင် လိုက်လိုသောစိတ်ရှိလျှင် ကောင်းကင်သို့ချည်း ရောက်ကြ သည်။ ဗိုလ်ထုသည် ယုတ်စွအဆုံး အလျား ၁၂ ယူဇနာ, အနံ ၁၂ ယူဇနာ, အဝန်း ၃၆ယူဇနာ ရှိသည်။ စကြာရတနာကို စကြာမင်းသည် မစီးရ။ စကြာ ရတနာ ရှေ့ကသွားလျှင် စကြာရတနာ၏အာနုဘော်အားဖြင့် ဗိုလ်ပါပရိသတ်နှင့် တကွ ကောင်းကင်ခရီးဖြင့် စကြာမင်းသည် စကြာရတနာ၏အနောက်၌ လိုက် သည်။ သည်ကိုရည်၍ ပါဠိမိခန်း၌-

'ပုဗ္ဗကမ္မ၊ ရှေးကပြုသား၊ ကောင်းမှုထဲနှီး၊ ဘုန်းတန်းကြီး၍၊ မင်းခီး* ဖြစ် လောက်၊ ဖွားလတ်မြောက်က၊ ထိတ်ကြောက်အန္တရာယ်၊ ရှင်းရှင်းပယ်၍၊ မခြယ် စိုးစိ၊ မမှေးငြိတည့်၊ တိတိလက္ခဏာ၊ ကြန်ရစာဖြင့်၊ စကြာရှေးရိုး၊ လေးကျွန်း စိုးသား' ဟု စပ်လေသည်။

'စကြာရှေးရိုး' ဆိုသည်ကား 'စကြာရတနာ ရှေ့ကသွားသည်။ စကြာမင်း နောက်မှလိုက်သည်။' ဟု ဆိုလိုသည်။

## ၂- ဘီလူးတို့ပဋိသန္ဓေ မည်သို့ရှိသည်။- အဖြေ

- ဘီလူးတို့သည် ပြိတ္တာဘီလူးမျိုးလည်း ရှိသည်။ နတ်ဘီလူးမျိုးလည်း ရှိသည်။ ပြိတ္တာဘီလူးမျိုးတို့မှာ ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေ နေသည်။ နတ်ဘီလူးတို့မှာ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေစိတ်

* မင်းထီး - အရှင်ကောသလ္လ၊ ပါဠိမိတော်ခန်းဋီကာ။

mgyoe.com

၃ ပါးတို့တွင် တစ်ပါးပါးသောစိတ်ဖြင့် ပဋိသန္ဓေ နေသည်။ အာဠာဝက ဘီလူးသည် နတ်ဘီလူးမျိုးဖြစ်၍ တိဟိတ်ပဋိသန္ဓေ နေသသူဖြစ်သောကြောင့် မဂ်,ဖိုလ် ရလေသည်။

## ၃- ငုပ် ၉ ပါး, ပေါ် ၉ ပါး ဟုတ်,မဟုတ်။- အဖြေ

- ဘုရားသဗ္ဗညု ပရိနိဗ္ဗာန်ပြုသည့်နောက် ငုပ်သည် ၉ ပါး, ပေါ်သည် ၉ ပါး ရှိသည်။ 'ပုပ္ပားတောင်သည် ပေါ်သည် ၉ ပါး အဝင်' ဆိုသောစကားသည် သင်္ဂါယနာဝင်ကျမ်းတို့က လာသောစကား မဟုတ်။ လောကဝေါဟာရ ပြောစဉ်စကားသာ ဖြစ်သည်။

## ၄- ဓာတ်တော်, မွေတော်များ ပြောင်း,မပြောင်း။- အဖြေ

- ရာဇမဏိစူဠာ မဟာရာမ်များတွင် ဝဇိရပြည်၌ သင်္ကန်း,သပိတ်တော်၊ ဥဇ္ဇေနီပြည်၌ ခင်းနှီးတော်၊ ထိုမှတစ်ပါး စွယ်တော်များကိုလည်း အသီးအသီး ထိုထိုသို့သောပြည်တို့၌ ရှိဟာန်ကို ဆိုသည်မှာ ဒါဌာဓာတုဝင် အစရှိသောကျမ်းတို့၌ လာသည့်အတိုင်း ထိုကာလတို့၌ ရှိလေဟာန်ကိုသာ ဆိုသည်။ နောက်နောက် ကာလတို့၌ကား- 'သင်္ကန်း, ခင်းနှီး အစရှိသောအသုံးအဆောင်တို့သည် နောက်နောက်ကာလတို့၌ သင်္ခါရသဘောဖြစ်၍ ပျောက်ပျက်လေတော့သည်။ ဓာတ်တော်, မွေတော်တို့သည်ကား သာသနာ ၅၀၀၀ မဆုံးမချင်း အကြား၌ မုန်ညင်းစေ့ခန့်မျှ ကွယ်ပျောက်သည်ဟူ၍ မရှိ။ ပူဇော်သက္ကာရ မရှိလျှင် ပူဇော်သက္ကာရရှိရာအရပ်သို့ ပြောင်းကြွလေတော့သည်။' ဟူ၍ သင်္ဂါယနာဝင်ကျမ်းတို့၌ ဆိုသည်ကိုထောက်သဖြင့် တည်မြဲအရပ်သည် မရှိပြီ။ ပူဇော်သက္ကာရရှိရာသို့ ဓာတ်တော်,မွေတော်တို့သည် ပြောင်းကြွလေတော့သည်။

သာသနာတော်တည်ရာ သုနာပရန္တတိုင်း, တမ္ပဒီပတိုင်းတို့၌ ထင်ထင်ရှားရှား ရှိရာပါသည်။-ဆိုသည်မှာ ဓာတ်တော်, မွေတော်တို့သည် ရောက်လေ


mgyoe.com

SAMPLE BOOK

ရာရာတိုင်း တန်ခိုးပြာဋိဟာ မပြချေ။ ဘုရားသာဝကတို့၏အမိန့်အာဏာ၊ ကိုးကွယ်ထိုက်သောသူတို့ ကြီးမြတ်သောကောင်းမှု၊ မြဲမြံသောသစ္စာအဓိဋ္ဌာန်ရှိ၍ အကြောင်းသင့်မှ တန်ခိုးပြာဋိဟာ ပြသည်။ ပုဂံ အနော်ရထာစောလက်ထက် ရွှေစည်းခုံ ဌာပနာသောအခါ ဓာတ်တော်၊ မွေတော်တို့သည် ဘုရားအသွင် ဖန်ဆင်းလျက် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေလျက်နေသည်။'ဟု တန်ခိုးပြာဋိဟာ ထင်ထင်ရှားရှားပြကြောင်းကို သမိုင်း ရာဇဝင်တို့၌ ဆိုသည်ပင် ဖြစ်တော့သည်။

'ဓာတ်တော်၊မွေတော်တို့သည် တည်မြဲရာ၌သာ တည်၍နေသည် မဟုတ်။ ပူဇော်သက္ကာရရှိရာ ပြောင်းကြွ၏။'ဟု ဆိုသောစကားကို သင်္ဂါယနာ ဝင်ကျမ်းတို့၌ ဆိုသောကြောင့် အမှန် မှတ်ရာသည်။

♦


mgyoe.com

mgyoe.com
SAMPLE BOOK

## စတုတ္ထ ပုစ္ဆာ ၄ ချက်

မင်းလက်ဝဲနော်ရထာ လျှောက်ပါသည် ဆရာတော်ဘုရား။ ။

၁- 'နေဗိမာန်, လဗိမာန်တို့သည် အလုံး, အလျား, ၄ ထောင့်, ပြာသာဒ်' ဟု အသီးအသီး ဆိုကြသည်။ ရတုကဗျာတွင်

'လရထားနှင့်၊ နတ်သားနီးကြ' ဟူ၍လည်းကောင်း။

'လျှံပြောင်ပြင်းထန်၊ နေဗိမာန်လျှင်၊ ယုဂန်ထိပ်ဖျား၊ မြင်းမိုရ်ခါးနှင့်' ဟူ၍လည်းကောင်း။

'သူရိယ ဝိမာနံ* စန္ဒ ဝိမာနံ'ဟူ၍လည်းကောင်း။-ဆိုသည်များတွင် နေဗိမာန်, လဗိမာန်တို့သည် လူမင်းတို့နေသော နန်းပြာသာဒ်တို့ကဲ့သို့၊ နေနတ်သား,လနတ်သားတို့သည်လည်း လူမင်းတို့ကဲ့သို့ တစ်မင်းရွှေ့လျှင် တစ်မင်းပြုသကဲ့သို့ ဆက်လက်၍၊ နေနတ်သား တစ်ဦး စုတေလျှင် တစ်ဦး ဆက်၍ ၄င်းပြာသာဒ်၌ နေသည်။-ဖြစ်မည်။ ကမ္ဘာဦးက နေနတ်သား,လနတ်သားပင် ရှိသေးသည်။-ဖြစ်မည်။ ကမ္ဘာဦးက နေနတ်သား, လနတ်သား မဟုတ်လျှင်လည်း ဘုရားသခင်လက်ထက်တွင်ရှိသည့် နေနတ်သား, လနတ်သား တို့ကိုသာ 'သောတာပန်နတ်' ဆိုသင့်မည်။-ထင်ပါသည်။ နောက်မှ ဆက်လက်၍နေသောနတ်တို့ကို 'ပုထုဇဉ်'ဟူ၍ ယူချင်ပါသည်။

* နေထိုင်ရာအဆောက်အအုံ။ ဘုံဆောင်။ ဗိမာန်။

mgyoe.com

SAMPLE BOOK

၂- 'ကောင်းကင်၌ ကြယ်ပျံသည်။'ဟု ဆိုသည့်စကားတွင်လည်း ကြယ် ဗိမာန်၌ နတ်တို့စုတေ၍ ဘုံကွယ်သည်ကို မြင်ရသည်။-ဖြစ်မည်။ 'ဘုံကွယ်သည်'မှန်လျှင် ကမ္ဘာဦးကသည် ယခုတိုင်အောင် ရွှေပြောင်း သမျှကြယ်ကို ထောက်လျှင် ဤအရေအတွက် လျော့နည်းရာပါသည်။

၃- ကေသရာဇာခြင်္သေ့မင်း၏ အလုံးအရပ်ပမာဏ, အသက်ကိုလည်း ကျမ်းဂန်လာသည်ကို သိချင်ပါသည်။

၄- 'နေ,လ,နက္ခတ်,တာရာ အပေါင်းတို့သည် မြင်းမိုရ်တောင်ကို လက်ယာ ရစ်လည်သည်'ဟူ၍ ဆိုသည်။ တောင်ငူဆိုရတု*တွင်လည်း 'ရှစ်မည် ဂြိုဟ်မူ၊ မြင်းမိုရ်လက်ယာ၊ လည်ကြရာတွင်'ဟူ၍ ဆိုသည်ကို ဗေဒင်မှာ 'ရာဟုဂြိုဟ်သည် လက်ဝဲရစ်လည်၍ နေ,လနှင့် ခိုက်တိုက်ထိပါးကြ သဖြင့် နေ,လ ကြတ်ခြင်း ဖြစ်သည်။' ဆိုပြန်သည်။

'လက်ယာရစ်ခြင်း'မှန်လျှင်လည်း ထိခိုက်ဖွယ် မရှိပါပြီဘုရား။

**သက္ကရာဇ် ၁၁၂၀ ပြည့် ဝါခေါင်လကွယ်တွင် မင်းလက်ဝဲနော်ရထာက တောင်တွင်း ဆရာတော်ကို လျှောက်သည်။**

*

* နတ်ရှင်နောင်ဆိုရတု။

mgyoe.com

mgyoe.com SAMPLE BOOK

## စတုတ္ထ ဝိသဇ္ဇနာ ၄ ချက်

### ၁- နေ, လဗိမာန် အလုံး,အလျား ဟုတ်,မဟုတ်။- အဖြေ

- 'နေဗိမာန်သည် အလျားယူဇနာ ၅၀, အနံအမြင့်လည်း ယူဇနာ ၅၀ စီ, လုံးပတ်အဝန်း ယူဇနာ ၁၅၀၊ လဗိမာန်လည်း အလျား အနံ,အမြင့် ၄၉ ယူဇနာစီချည်း ရှိသည်။'ဟု သာရတ္ထဒီပနီဋီကာ, ဝိသုဒ္ဓိမဂ် မဟာဋီကာတို့၌ ဆိုသည်။ ၄ ထောင့်ဖြစ်လျှင် လုံးပတ် ယူဇနာ ၂၀၀ ဆိုကောင်းသည်ကို မဆို။ လုံးပတ်ယူဇနာ ၁၅၀ ဆိုသောကြောင့် နေဗိမာန်, လဗိမာန်တို့သည် ၄ ထောင့်လည်း မဟုတ်၊ အလျားလည်း မဟုတ်။ ပြာသာဒ်လုံး ဖြစ်သည်။

ထို့ကြောင့် ဟတ္ထိပါလ*၌-

> 'ကိန်းယူဇနာ၊ သောင်းသုံးရာဖြင့်၊ ကျယ်စွာလှည့်သန်း၊ နေ့တိုင်း ထွန်းလျက်၊ လုံးဝန်းမဏ္ဍလ၊ ပမာဏမူ၊ တစ်ရာ့ငါးဆယ်၊ အံ့အဲ ဖွယ်အောင်၊ ကြီးခြင်းဆောင်သား၊ လျှံပြောင်ပြင်းထန်၊ နေဗိမာန်လျှင်' ဟူ၍ စပ်လေသည်။

ရတု,ကဗျာ,လင်္ကာတို့၌ 'လရထား'ဟု စပ်သည်ကား အလျား ၄ ထောင့် ဖြစ်သောကြောင့် ဆိုသည် မဟုတ်။ 'အရပ်မျက်နှာ လှည့်လည်ခြင်း' ဟူသည်ကို စွဲ၍၊ 'ရထား'ဟူ၍ စပ်လေသည်။ နေဗိမာန်,လဗိမာန်တို့၌ နေနတ်သား, လနတ်သားတို့သည် တစ်ကမ္ဘာပတ်လုံး အမြဲတည်နေသည် မဟုတ် လူမင်းတို့ ကဲ့သို့ပင် တစ်ပါးစုတေလျှင် တစ်ပါး ဆက်လက်၍နေသည်။

နေနတ်သားကို 'သောတာပန်'ဆိုသည်မှာ နေနတ်သားတိုင်း သောတာပန် မဟုတ်။ ဘုရားရှင်လက်ထက်၌နေနတ်သားသာ သောတာပန် ဖြစ်သည်။ နေနတ်သားသည် စတုမဟာရာဇ် အဝင်ဖြစ်၍ နတ်တို့အရေအတွက် အနှစ် ၅၀၀,

* စတုဓမ္မသာရ ၉ ခန်းပျို့။

mgyoe.com

mgyoe.com SAMPLE BOOK

လူတို့အရေအတွက် အနှစ် ၉ သန်း အသက်ရှည်သည်။ ဘုရားသခင် ပရိနိဗ္ဗာန် လွန်သည်လည်း အနှစ် ၂၀၀၀ ကျော်သာ ရှိသေးသည်ကိုထောက်လျှင် ဘုရားရှင် လက်ထက်က သောတာပန်နေနတ်သားပင် ယခု ရှိကောင်းသေးသည်။

## ၂- ကြယ်ပျံခြင်းမှာ နတ်ဘုံကွယ်ခြင်း ဟုတ်,မဟုတ်။- အဖြေ

- နတ်တို့စုတေ၍ ဘုံဗိမာန်ကွယ်သည်ကို 'ကြယ်ပျံသည်' ဟူ၍ လောက ဝေါဟာရ ဆိုကြသည်မှာ နတ်တို့ဘုံဗိမာန်သည် နေ,လ,နက္ခတ်ကဲ့သို့ နတ်သားစုတေ၍ မကွယ်သောဘုံဗိမာန်လည်း ရှိသည်။ နတ်တို့စုတေလျှင် ကွယ်သောဘုံဗိမာန်လည်း ရှိသည်။ ကမ္ဘာဦးက ရှိသည့်အတိုင်း မဟုတ်။ လူ့ပြည်မှာ လူတို့အိမ်ကဲ့သို့ နည်းသောကာလလည်း နည်းသည်၊ များသောကာလ လည်း များသည်။ အမြဲမရှိ။ နတ်တို့စုတေလျှင် ကွယ်သောဘုံဗိမာန်လည်း နေရာအရပ်တွင်သာ ကွယ်ရမည်။ အခြားအရပ်သို့ ပြောင်းရမည်မဟုတ် ဖြစ် သောကြောင့် 'နတ်ဘုံဗိမာန်ကွယ်သည်ကို ကြယ်ပျံသည်။'ဟုဆိုသော လောက ဝေါဟာရစကားသည် တရားကျမ်းဂန်နှင့် မလျော်။

'ကောင်းကင်၌ လေအဟုန်ဖြင့် တိမ်ထပ်ချင်းခတ်၍ မီးလျှံထွက်ပြေး သည်ကို 'ဥက္ကာ*ကျသည်။'ဟု လောကဝေါဟာရ၌ ခေါ်ဝေါ်ကုန်သည်။'ဟု သုတ်, သီလက္ခန်, အဋ္ဌကထာ, ဋီကာတို့၌ ဆိုသည်ကိုထောက်သော်၊ ကောင်းကင်၌ လေအဟုန်ဖြင့် တိမ်ထပ်ချင်းခတ်မိ၍ ဥက္ကာကဲ့သို့ မကြီးလွန်းဘဲ အလျှံထွက်ပြေးသည်ကို 'ကြယ်ပျံသည်။'ဟု ယူသင့်သည်။

## ၃- ကေသရာဇာခြင်္သေ့ ပမာဏ မည်သို့ရှိသည်။- အဖြေ

- ကေသရာဇာခြင်္သေ့မင်း၏ အလုံးအရပ်ပမာဏကို ကျမ်းဂန်၌ တိုက်ရိုက် မဆို။ ဥပမာပြုရာ၌ နွားမကို ပုံဆောင်သည်ကိုထောက်သော်၊ 'နွားမတန်း

---
* မီးရှူးမီးတိုင်။ မီးရှူးမီးစည်း။

mgyoe.com SAMPLE BOOK

ပမာဏရှိမည်။'ဟု ဆရာတို့ယူသည်။ တစ်ကြောင်းလည်း သီဟိုဠ်ကျွန်း ပြည်ထောင်ဦးမင်းသည် 'ဝိဇယဗာဟု'တည်း။ ထိုဝိဇယဗာဟု မင်း၏အဖဖြစ်သော သီဟဗာဟုမင်းကို 'အမိမင်းသမီးသည် ခြင်္သေ့နှင့် အိမ်ထောင်သင့်ရာတွင် ဖွားမြင်သည်။'ဟူ၍ ဒီပဝင်၊ မဟာဝင်ကျမ်းတို့၌ ဆိုသည်ကို ထောက်သော် လူတို့နှင့် အိမ်ထောင်ခြင်းငှာ လျောက်ပတ်သောအမျိုးပင် ဖြစ်သောကြောင့် 'နွားမတန်း'ဆို၍ ပမာဏပြုသောစကားသည် သင့်သည်ပင်။

အသက်အပိုင်းအခြားသည်ကား 'တိရစ္ဆာန်တို့မှာ အကောင်ကြီးလျှင် အသက်ရှည်သည်။ အကောင်ငယ်လျှင် အသက်တိုသည်။ အကောင်မျှလျှင် အသက်မျှသည်။' ဖြစ်သောကြောင့် ကျွဲ၊ နွား၊ ကျား၊ သစ်တို့ အသက်တမ်းကဲ့သို့ပင် ရှိတော့မည်။

အဆင်းသဏ္ဌာန်သည်ကား

ကိုယ်အလုံးသည် စင်ကြယ်လှစွာသော သလေးမှုန့်နှစ်၊ ခရသင်းမှုန့်ကဲ့သို့ ညက်ညက်မွတ်မွတ် ဆွတ်ဆွတ်ဖွေးဖွေး ဖြူသည်။ နှုတ်ခမ်း၊ အမြီး၊ ခြေ ၄ ချောင်းတို့သည်ကား ချိပ်ရည်ဖြင့် အပြေအပြစ် ပြုဘိသကဲ့သို့ နီမြန်းသည်။ ထိပ်ပေါ်မှစ၍ ချိပ်ရည်လုံးကဲ့သို့ ရဲရဲနီသော ၃ ကြောင်းသောအရေးတို့သည် ကျောလယ်ဖြင့် သွားလေ၍ ပေါင်သို့ရောက်လျှင် အတွင်းဘက်၌ လက်ယာရစ်ခွေလျက် တည်သည်။ ပခုံး၌ကား အဖိုး ၁ သိန်း ထိုက်သောကမ္ဗလာကဲ့သို့ ရဲရဲနီသောမှင်ဆံ ရှိသည်။ ကွန့်မြူး ခုန်လွှားသောအခါ ရဲရဲနီသောမှင်ဆံကြောင့် တစ်ကြောင်း၊ လျင်မြန်လှသောကြောင့် တစ်ကြောင်း၊ အမိုက်တိုက်၌ ထင်းမီးစကို ပတ်လည်သကဲ့သို့၊ လျှပ်ပြက်သကဲ့သို့ ထင်သည်'။ ။ဟူ၍ အင်္ဂုတ္တရဋ္ဌကထာ၊ နိပါတ်အဋ္ဌကထာ၊ မနောရထပူရဏီကျမ်းတို့၌ ဆိုသည်။

သည်ကိုရည်၍ ပါရမီခန်း၌-

'ရပ်ကြွံ့တည့်တည့်၊ မလှည့်ဦးခေါင်း၊ နံတောင်းနောက်ဖီ၊ ခုန်မီစမြဲ၊ လျှပ်ခြည်ဝဲသို့' ဟူ၍ စပ်လေသည်။


mgyoe.com

SAMPLE BOOK

## ၄- ဂြိုဟ်နက္ခတ်တို့ လက်ယာရစ် လည်,မလည် အဖြေ

- နက္ခတ်တာရာ, ကြယ်အပေါင်းတို့သည် နေ, လတို့၏ နံပါး ၂ ဖက်၌ သွားကြောင်းကိုသာ ပိဋကတ်ကျမ်းတို့၌ ဆိုသည်။ လက်ယာရစ်လည်ကြောင်း, လက်ဝဲရစ်လည်ကြောင်းကို အထူးခွဲ၍ မဆို။ ဗေဒင်ဆရာတို့မူကား 'ဂြိုဟ် ၈ လုံးပင် မြင်းမိုရ်တောင်ကို လက်ယာရစ်ချည်း လည်သည်။' ဟူ၍ ယူသည်။ ထိုသို့လျက် ၁၂ ရာသီ၌ လက်ဝဲ, လက်ယာခတ်သည်ကား ရာဟုဂြိုဟ်သည် အသွားလျင်မြန်သောကြောင့် အဿဝဏီနက္ခတ်နှင့် ယှဉ်၍သွားပြီးလျှင်၊ ထို နက္ခတ်ကို လွန်၍၊ ရေဝတီနက္ခတ်ကို အမီလိုက်၍ သွားသည်။ ကြွင်းသော ဂြိုဟ် ၇ လုံးတို့သည် အသွားနှေးသောကြောင့် အဿဝဏီနက္ခတ်နှင့် ယှဉ်၍ သွားပြီးလျှင်၊ ထိုနက္ခတ်ကို မမီနိုင်၍ နောက်ကျရစ်သဖြင့်၊ ဘရဏီနက္ခတ်နှင့် ယှဉ်၍ သွားသည်။

ဤသို့ စတုရပါဒ်နက္ခတ် အသွား,အမြန် မတူသောကြောင့် '၁၂ ရာသီ၌ လက်ဝဲ, လက်ယာခတ်သည်။ မြင်းမိုရ်တောင်ကိုလည်ရာမှာ ဂြိုဟ် ၈ လုံးပင် လက်ယာရစ်ချည်း လည်သည်။ ရာဟုဂြိုဟ်သည် အသွားလျင်မြန်လှသောကြောင့် ရှေ့လွန်ပြီးလျှင် နောက်ကပတ်၍ နက္ခတ်, နေ, လတို့ကို မီပြန်သည်။ ထိုသို့မီသောအခါ နေ,လကြတ် ခြင်း ဖြစ်သည်' ဟူ၍ ဗေဒင်ဆရာတို့ ဆိုသည်။ သည်ကိုထောက်သော် 'ရှစ်မည်ဂြိုဟ်မူ၊ မြင်းမိုရ်လက်ယာ၊ လည်ကြရာတွင်' ဆိုသော စကားသည် စကားဖြောင့်ပင် ဖြစ်သည်။

**သက္ကရာဇ် ၁၁၂၀ ပြည့် ဝါခေါင်လတွင် တောင်တွင်းဆရာတော်ဘုရား ဖြေတော်မူသည်။**

♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပဉ္စမ ပုစ္ဆာ ၆ ချက်

မင်းလက်ဝဲနော်ရထာ လျှောက်ပါသည် ဆရာတော်ဘုရား။ ။

၁- 'ရူဝံကြယ်သည် ဝေဇယန္တာပြာသာဒ် အထွတ်' ဟူ၍လည်း ဆိုကြပါသည်။ အမြင်မှာ အခြားကြယ်များကဲ့သို့ပင် ထင်မြင်ပါသည်။ ဝေဇယန္တာပြာသာဒ်အထွတ် မှန်လျှင် အခြားကြယ်များထက် ယူဇနာ ၄ သောင်း ၂ ထောင်ကျော် မြင့်ပါသည်။ အထွတ်ကိုမြင်လျှင် အထွတ်အောက်က ပြာသာဒ်ဘုံများကို မြင်သင့်ပါသည်။ ပြာသာဒ်အထွတ်မဟုတ်သော ကြယ်ဖြစ်လျှင်လည်း မြင်းမိုရ်တောင်ကို ရစ်လည်၍သွားရမည်ကို 'မရွေ့မသွား'ဟူ၍ ဆိုကြသည့်စကားကို ရှင်းရှင်းလင်းလင်း သိချင်ပါသည်။

၂- မြင်းမိုရ်၊ စကြဝဠာ၊ ယုဂန်၊ သမုဒ္ဒရာ စသည်တို့ကိုလည်း ၇ တောင်တာ၊ ၁၀ တောင် ၁ ထွာတာ၊ ၅ တောင် ၆ သစ်တာ ဖွဲ့၍ အတိုင်းအတာယူဇနာနှင့် ကျမ်းဂန်လာသည်။-ဟူ၍ အသီးအသီး ဟောပြောကြသည်။ တာကို သဗ္ဗညုဟောတော်မူရင်း အသက်အသချေ်ကသည် ၁၀ နှစ်တိုင်အသက်တမ်းတွင် မည်သည့်ကာလ လူ၏ အတောင်၊ အထွာကိုရည်၍ ဟောတော်မူကြောင်းကို သိချင်ပါသည်။

၃- 'ဘုရားပွင့်တော်မူသော ပလ္လင်တော်သည် မြေက လက် ၁ သစ်မျှ မပေါ်၊ မတက်၊ မမြင့်'ဟူ၍ ဆိုသည်။ အချို့လည်း 'အမြင့်'ဟူ၍ အတောင်၊အထွာနှင့် ဆိုသည်။

ပါရမီခန်းတွင် 'ပလ္လင်နိမ့်မြင့်၊ အကျင့်တိုရှည်' ဟူ၍ စပ်တော်မူသည်။ ထက်ဝယ်တော်၊ ဒူးတော်၊ ပေါင်တော်ကို ရည်၍ အသက်


mgyoe.com

SAMPLE BOOK

ရှည်သော ဘုရားရှင်ထက်ဝယ်တော်နှင့် အသက်တိုသော ဘုရားရှင်ထက်ဝယ်တော်ကို စပ်တော်မူသည်ဖြစ်မည်။ မြေကပေါ်သော ပလ္လင်တော်ကို စပ်တော်မူသည် ဖြစ်မည်။-ကို သိချင်ပါသည်။

၄- 'ရဟန်းတို့က အလှူပေးလျှင် အကျိုးရရာသည်။' ဟူ၍ နတ်သား ၂ ယောက်ကို ဥပမာပြု၍ ဟောပြကြသည်။ တချို့ကလည်း 'ရဟန်းတို့သည် အလှူ မပေးအပ်။ ပေးသော်လည်း အကျိုးမရ။' ဟူ၍ ဆိုကြသည့်စကားကို သိချင်ပါသည်။

၅- 'အနဝတတ်အိုင်တွင် တောင်မျက်နှာက ဆင်ခံတွင်း ရှိကြောင်း။' ကို အချို့ ဆိုသည်။ တချို့လည်း 'နွားလားဥသဘခံတွင်း' ဟူ၍ ဆိုသည်။ တောင်ငူဆို ရတုတွင်လည်း 'ဆင်ကလာ၍', 'ဆင်ရှိရာက' ဟု ဆိုသည်။

'နွားခံတွင်း မှန်မည်, ဆင်ခံတွင်း မှန်မည်။' ကို အတပ်အကျပ် သိချင်ပါသည်။

၆- ဆုတောင်းခန်းတွင် 'ရှင်ကော်ဘုရား၊ ဟောခဲ့ထားသည်၊ ငါးပါးမျှလောက်၊ ကျွတ်ချိန်ထောက်၍၊ နှစ်ယောက်ရိုက်ရာ၊ ရဟန္တာခေတ်၊ ကုန်သည်ဖြစ်လည်း' ဟူ၍ ဆိုသည်။

ရဟန္တာခေတ်ကုန်လျှင် သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ ၃ ခေတ်ရှိသည်တွင် ယခုကာလသည် သာသနာတော် ၂၃၀၂ သာ ရှိသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် တစ်စုံတစ်ယောက်မျှ ထင်ရှားစွာ မတွေ့မမြင် ရပါ။ မရှိရာသည်ကိုလည်း ဘုရားရှင် ဟောတော်မူမည် မဟုတ်။ မည်သည့်အကြောင်းအရာကြောင့် မပေါ်သည်ကို ဧကဝုစ်* ကျကျ သိချင်ပါသည်။

**သက္ကရာဇ် ၁၁၂၀ ပြည့် တော်သလင်းလတွင် မင်းလက်ဝဲနော်ရထာက တောင်တွင်းဆရာတော်ဘုရားကို လျှောက်သည်။**

*

* ဧကဝစန = တစ်ခုတည်းကိုဟောသောစကား။

mgyoe.com

mgyoe.com
SAMPLE BOOK

## ပဥ္စမ ဝိသဇ္ဇနာ ၆ ချက်

### ၁- ရှူဝံကြယ် ဝေဇယန္တာပြာသာဒ်အထွတ် ဟုတ်,မဟုတ်။- အဖြေ

- 'ရှူဝံကြယ်သည် ဝေဇယန္တာပြာသာဒ် အထွတ်'ဟူ၍ ဆိုသောစကားသည် မြောက်အရပ်တည့်တည့်နှင့် ဝေဇယန္တာပြာသာဒ်လည်း မြင်းမိုရ်တောင်၏အလယ်ချက်မ မြောက်အရပ်၌တည်သည်ကို တွေးဆ၍ဆိုသော လောကဝေါဟာရစကားသာ ဖြစ်သည်။ ကျမ်းဂန်ကလာသည့် စကား မဟုတ်။ တစ်ပါးသောကြယ်တို့ကဲ့သို့ ကြယ်ဗိမာန်ပင် ဖြစ်သည်။ 'ကြယ်ဗိမာန်ဖြစ်လျှင် ရွေ့ကောင်း,သွားကောင်းသည်။'ဆိုသောစကားမှာ ကြယ်ဗိမာန်တိုင်း ရွေ့သည် မဟုတ်။ နက္ခတ်, တာရာ, စိုးစဉ်းသောကြယ်ဗိမာန်တို့သာ ရွေ့သည်, သွားသည်။ မရွေ့မသွားသော ကြယ်ဗိမာန်သာ များသည်။ ရှူဝံကြယ်လည်း မရွေ့မသွားသော ကြယ်ဗိမာန် ဖြစ်သည်။

### ၂- မြင်းမိုရ်အတိုင်းအတာ မည်သို့ဖြစ်သင့်သည်။- အဖြေ

- မြင်းမိုရ်, စကြဝဠာ, သမုဒ္ဒရာတို့ကို တောင်ထွာသောလူကို 'မဇ္ဈိမပုရိသ' ဟူ၍ အဋ္ဌကထာ, ဋီကာတို့၌ ဆိုသည်။ အသက်အပိုင်းအခြားကို ခွဲခြား၍ မဆို။

လောကဓမ္မကိုဖက်၍ ဆုံးဖြတ်သော စန္ဒသူရိယဂတိ ဒီပနီကျမ်းတွင် မူကား 'အသက် ၁၀၀ တမ်းနှင့် ၁ သိန်းတမ်း၏အလယ်တွင် လူကို 'မဇ္ဈိမပုရိသ'ဟု ယူရမည်။ ထိုသူ၏အတောင်အထွာဖြင့် ထွာရမည်။' ဟူ၍ ဆိုသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

## ၃- ပလ္လင်တော် အစောက် အမြင့် ရှိ,မရှိ။- အဖြေ

- ''ဘုရားပွင့်တော်မူသော ပလ္လင်တော်သည် မြေက တစ်ဆံခြည်မျှ မပေါ်။ 'ဝ၄ တောင်ပလ္လင်တော် ရှိသည်။ အတောင် ၅၀ ပလ္လင်တော် ရှိသည်။' ဆိုသည်မှာ အစောက်ကို ဆိုသည်မဟုတ်။ အပြန့်ကို ဆိုသည်။'ဟူ၍ မဏိဒီပ ကျမ်းတွင် ဆိုသည်။

ပရိတ်ကြီးဋီကာတွင်မူကား 'ပလ္လင်တော်သည် အစောက်အမြင့်ပင် ရှိသည်။ ၁၄ တောင်ပလ္လင်တော် ရှိသည်။ အတောင် ၅၀ ပလ္လင်တော် ရှိသည် ဆိုသောစကားသည်လည်း အစောက်အမြင့်ကိုပင် ရည်၍ဆို သည်။ အပြန့်ကို ဆိုသည် မဟုတ်။'ဟူ၍ ဆိုသည်။

ကျမ်း ၂ စောင် မညီကြ။ အယူကွဲကြသည်။

ပါရမီတော်ခန်းတွင် 'ပလ္လင်နိမ့်မြင့်၊ အကျင့်တိုရှည်'စပ်သည်ကို 'ထက်ဝယ်ပလ္လင်'ဟု ယူကြသည်မှာ 'ပလ္လင်'သဒ္ဒါသည် ထက်ဝယ် ကိုလည်း ဟောသည်။ နေရာပလ္လင်ကိုလည်း ဟောသည်တွင် ဤ၌ ပလ္လင်သဒ္ဒါသည် ထက်ဝယ်ဟော ဖြစ်ကောင်းသည် ဟုယူ၍ ဆိုသော စကား ဖြစ်သည်။ ထိုစကားသည် မလျော်။ အဘယ့်ကြောင့်နည်းဟူ မူကား ကျမ်း၌ 'ကွဲပြားထူးခြားခြင်း' ဟုဆိုအပ်သော ဝေမတ္တ ၈ ပါးကို ဆုံးဖြတ်ရာ၌ ပလ္လင်ဝေမတ္တ၏အရကို ထက်ဝယ်ကိုဆုံးဖြတ်သည် မဟုတ်။ နေရာပလ္လင်ကို ဆုံးဖြတ်သည်။

ပါရမီခန်း၌လည်း ဝေမတ္တ ၈ ပါးကိုပင် ရည်၍-

'ပလ္လင်နိမ့်မြင့်၊ အကျင့်တိုရှည်၊ ဆိုစသည်တုံ၊ တရည်တည်းပင်၊ တူချင်မဲ့ဘဲ၊ ကွဲလွဲထူးခြား၊ ရှစ်ပါးလောက်စင်၊ ဟောရေးဖြင်လည်း' ဟူ၍ စပ်သည်။ ထို့ကြောင့် ပါရမီခန်းဆရာမှာ ပလ္လင်တော်အစောက် အမြင့်ကိုပင် နှစ်သက်၍ စပ်တော်မူသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၄- ရဟန်းတို့က အလှူပေးသင့်,မပေးသင့်။- အဖြေ

- ရဟန်းတို့ အလှူပေးသင့်,မပေးသင့် ဆိုသည်မှာ-

'ဒါနံ နာမ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဒါတဗ္ဗမေဝ'ဟု စတုက္ကနိပါတ်ဇာတ်ကျမ်း၌ ဟောတော်မူသည်။ အဓိပ္ပာယ်ကား 'အလှူမည်သည်ကို လူဖြစ်စေ, ရဟန်းဖြစ်စေ, မိန်းမဖြစ်စေ, ယောက်ျားဖြစ်စေ ခပ်သိမ်းသောသူပင် ပေးလှူအပ်သည်ချည်း။'ဟု ဆိုလိုသည်။

ပေးလှူဖူးသည့် ထုံးစံသက်သေကား-

ဘုရားသခင်လက်ထက် ပုဏ္ဏားတစ်ဦးသည် ဘုရားသခင်အား မေးလျှောက်သည်။

''အရှင်ဘုရား။ ရတနာ ၃ ပါးတွင် ဘုရား, သံဃာ ရတနာ ၂ ပါးသာ ထင်ရှားမျက်မြင် ရှိသောကြောင့် လှူဒါန်းပူဇော်ရပါ၏။ တရားရတနာသည် ထင်ရှားမျက်မြင် မရှိခဲ့။ တရားရတနာအား အဘယ်ကဲ့သို့ လှူဒါန်းပါရအံ့နည်း။''ဟူ၍ မေးလျှောက်သည်။

ဘုရားသခင်သည်လည်း ''တရားကျမ်းဂန်ကို ဆောင်ရွက်ကုန်သော ရဟန်းတို့အား တရားတော်ကိုရည်မှတ်၍ လှူဒါန်းပူဇော်လျှင် တရားတော်အား လှူဒါန်းပူဇော်သည် မည်၏။''ဟု ဟောတော်မူသည်။

ထိုပုဏ္ဏားလည်း 'ရှင်အာနန္ဒာသည် တရားကျမ်းဂန်ကို ဆောင်ရွက်သသူဖြစ်တော်မူသည်။'ဟူ၍၊ တရားကျမ်းဂန်ကို ရည်မှတ်၍ ရှင်အာနန္ဒာအား သင်္ကန်းတစ်စုံ လှူလေသည်။ ထိုသင်္ကန်းကို အရှင်အာနန္ဒာသည် ရှင်သာရိပုတ္တရာအား လှူပြန်လေသည်။ ရှင်သာရိပုတ္တရာလည်း ထိုသင်္ကန်းကို ဘုရားရှင်အား လှူပြန်လေသည် ဟု ကျမ်းဂန်အထင်အရှားရှိသည်ပင် ဖြစ်တော့သည်။

အင်္ဂုတ္တရ ပဥ္စကနိပါတ် သမဏသုတ်၌ 'သဒ္ဓါ, သီလ အရည်တူကြသော ရဟန်း ၂ ဦးတွင် ပေးလှူဒါန်းသောရဟန်းသည် မပေးမလှူသောရဟန်းအား နတ်ဖြစ်သော် လည်းကောင်း, လူဖြစ်သော် လည်းကောင်း, ရဟန်းဖြစ်သော် လည်းကောင်း ၅ ပါးသောအရာတို့ဖြင့် သာလွန်သည်'ဟူ၍ ဟောတော်မူသည်။


mgyoe.com

SAMPLE BOOK

## ၅- အနဝတတ်အိုင် ဆင်ခံတွင်း ဟုတ်,မဟုတ်။- အဖြေ

- 'ဒက္ခိဏဒိသာဘာဂေ ဥသဘမုခတော'ဟူ၍ ဇိနာလင်္ကာရဋီကာတွင် ဆိုသောကြောင့် အနဝတတ်အိုင်တွင် တောင်မျက်နှာက ဆင်ခံတွင်း မဟုတ်။ နွားလားဥသဘခံတွင်းဖြစ်သည်။-ဟု မှတ်ရမည်။

တောင်ငူဆိုရတုတွင် 'ဆင်ရှိရာက', 'ဆင်ကလာ၍'စပ်ဆိုသည်မှာ ပြုံး ချောင်းသည် ရှမ်းပြည် ဆင်တောင်ကလာသောချောင်း ဖြစ်၍ စပ်လေသည်။ အနပတတ်အိုင်ကလာသည်ကို ရည်၍ မစပ်။ ထိုပြုံးချောင်းသည် အနဝတတ် အိုင်က လာသည့်ချောင်း မဟုတ်။ ရှမ်းပြည် ဆင်တောင်ကလာသောချောင်း ဖြစ်သည်။

## ၆- ယခုအခါ အနာဂါမ် ရှိနိုင်,မရှိနိုင်။- အဖြေ

- 'ယခု သာသနာတော်သည် အနာဂါမ်ရှိသေးလျက် တစ်စုံတစ်ယောက် မျှ အထင်အရှားမရှိ။'ဆိုသည်မှာ တစ်ဘဝတွင် တရားတော်လာသည့် အတိုင်း ကြိုးစားအားထုတ်၍ပင် ကျင့်သော်လည်း အကြောင်းပါရမီ မရှိက မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်ချေ။ အကြောင်းပါရမီမှာလည်း ယုတ်စွအဆုံး ဘဝအရာ, ဘဝအထောင် ဖြည့်မှ ရင့်ချေသည်။ အကြောင်းပါရမီသည် ခဲယဉ်းလှသော ကြောင့် နိဗ္ဗာန်, မဂ်, ဖိုလ် မရနိုင် ရှိချေသည်။

ထိုကြောင့် ဆုတောင်းခန်း၌-

'ခါးပိုက်ဥစ္စာ၊ ထုပ်သည်ငှာမျှ၊ မကြာစတောင်း၊ ရလွယ်ရှောင်းလျက်၊ အကြောင်းသာတည်း၊ ခက်စွာသည်း၍' ဟု စပ်လေသည်။

သာသနာတော်၌ 'အနာဂါမ်ခေတ်'ဟူ၍ ဆိုသည်မှာလည်း 'လယ်ရှိ၍ မျိုးစပါးပြည့်စုံသော် စိုက်ပျိုးရ၏။'ဆိုသကဲ့သို့၊ အကြောင်းပါရမီပြည့်စုံသော် ရထိုက်သောကာလ ရှိသေးသည်သာ ဆိုလိုသည်။ 'ဧကန် ရမည်။' မဆိုလို။

**သက္ကရာဇ် ၁၁၂၀ ပြည့် တော်သလင်းလတွင် တောင်တွင်းဆရာတော် ဖြေတော်မူလိုက်သည်။**

♦


mgyoe.com

mgyoe.com
SAMPLE BOOK

## ဆဋ္ဌမ ပုစ္ဆာ ၁ ချက်

လျှောက်ပါသည် ဆရာတော်ဘုရား။ ။

၁- ရူဋ္ဌဏီပြဟ္မဒတ်မင်း၏ စစ်သည် ၁၈ အကြွောဘိဏီအရေအတွက်ကို ပိဋကတ်ကျမ်းဂန် လာသည့်အတိုင်း သိချင်ပါသည်။ အမိန့်တော်ရှိတော်မူပါဆရာတော်ဘုရား။

သက္ကရာဇ် ၁၁၂၀ ပြည့် သီတင်းကျွတ်လတွင်
ရေမြေ့ရှင်အလောင်းမင်းတရားကြီးက အိမ်ရှေ့ဆရာတော်ဘုရားကို လျှောက်သည်။

*

mgyoe.com

SAMPLE BOOK

## ဆဋ္ဌမ ဝိသဇ္ဇနာ ၁ ချက်

**၁- အင်္ဂါဘိဏီ မည်မျှရှိသည်။- အဖြေ**

- ဆင် ၁စီးတွင် အမြီးစောင့်, လက်ဝဲ-လက်ယာလုံကမ်း, ဆင်ခြေဖုံး ဆိုသည့် အဆုံးအဖြတ်သည် အင်္ဂါဘိဏီ အဆုံးအဖြတ် မဟုတ်။ စစ်အင်္ဂါ ၄ ပါး အဆုံးအဖြတ်ကို နားယူကြတော်မူသည်။

စစ်အင်္ဂါ ၄ ပါးကို ကျမ်းဂန်၌ ဆုံးဖြတ်ဟန်ကား-

- ဆင် ၁ စီးတွင် ဆင်စီးသူရဲ ၄ ယောက်, ခြေတစ်ဖက်တစ်ဖက်၌ အစောင့် ၂ ယောက်စီ၊ ပေါင်းသော် ယောကျ်ား ၁ ကျိပ် ၂ ယောက်စီ ရှိသော ဆင် ၃ စီးသည် ယုတ်စွအဆုံး 'ဟတ္ထာနိက' မည်၏။
- မြင်းစီးသူရဲ ၁ ယောက်, ခြေစောင့် ၂ ယောက်၊ ပေါင်း ယောကျ်ား ၃ ယောက်စီရှိသော မြင်း ၃ စီးသည် ယုတ်စွအဆုံး 'ဟယာနိက' မည်၏။
- ရထားတစ်စီးတွင် ရထားနှင် ၁ ယောက်, ရထားစီးသူရဲ ၁ ယောက်, နားပန်းစောင့် ၂ ယောက် ပေါင်း၊ ယောကျ်ား ၄ ယောက်စီရှိသော ရထား ၃ စီးသည် ယုတ်စွအဆုံး 'ရထဏီက'မည်၏။
- လှံကိုယ်စီစွဲသော ယောကျ်ား ၄ ယောက်သည် ယုတ်စွအဆုံး 'ပတ္တာနိက' မည်၏။ ။ဤသို့ စစ်အင်္ဂါ ၄ ပါးကို ဝိနည်းပါစိတ် အဋ္ဌကထာ၌ ဆုံးဖြတ်သည်။

mgyoe.com

gyoe.com SAMPLE BOOK

ထိုသို့ အဋ္ဌကထာ၌ဆိုးဖြတ်သည့်အတိုင်း အဘိဓာန်ကျမ်း၌လည်း-

'ဟတ္ထိ ဒွါဒသပေါသော တိ- ပုရိသော တုရင်္ဂေါ ရထော။

စတုပေါသောတိ သေနာ၊ လက္ခဏေနာ ဓမန္တတော။

'ဟတ္ထာနိကံ ဟယာနိကံ၊ ရထာနီကံ တယော တယော။

ဂဇာဒယော သသတ္ထာ တု၊ ပတ္တာနီကံ စတုဗ္ဗနာ။ ။' ဟူ၍ ဆိုသည်။

- ဒွါဒသပေါသော၊ ယောကျ်ား ၁ ကျိပ် ၂ ယောက်ရှိသော။ ဟတ္ထိ၊ ဆင်။ တိပုရိသော၊ ယောကျ်ား ၃ ယောက်ရှိသော။ တုရင်္ဂေါ၊ မြင်း။ စတုပေါသော၊ ယောကျ်ား ၄ ယောက်ရှိသော။ ရထော၊ ရထား။ ဣတိ၊ ဤသို့။ အဓမန္တတော၊ ယုတ်စွအဆုံး။ သေန လက္ခဏေန၊ ဤသို့သော လက္ခဏာအား ဖြင့်။ တယော တယော၊ ၃စီး-၃စီးကုန်သော။ ဂဇာဒယော၊ ဆင် အစရှိ သည်တို့သည်။ ဟတ္ထာနိကံ၊ 'ဆင်စီးသူရဲ'မည်၏။ ဟယာနိကံ၊ 'မြင်းစီး သူရဲ'မည်၏။ ရထာနီကံ၊ 'ရထားစီးသူရဲ'မည်၏။ သသတ္ထာ၊ လက်နက်စွဲ ကုန်သော။ စတုဗ္ဗနာတု၊ ယောကျ်ား ၄ ယောက်တို့သည်ကား။ ပတ္တာနီကံ၊ 'ခြေသည်သူရဲ'မည်၏။

'ရထားကိုသာ မြင်း ရံသင့်သည်။ မြင်းကို ရထား မရံသင့်။'ဟု နှလုံး တော်ရှိရာမှာ ရထားသည် မြင်းထက် မြတ်သည် မဟုတ်။ မြင်းသာ ရထားထက် မြတ်ချေသည်။

အဇာတသတ်မင်းသည် ဇီဝကကိုရှေ့ဆောင်ပြု၍ ဘုရားသခင်ကိုအဖူး အမြင် ညဥ့်ကာလ၌ ထွက်သောအခါ-

'မင်းမှာ ဆင်စီးသည်။ နန်းတွင်းသူ ၅၀၀ မှာလည်း ယောကျ်ားအဝတ်ကို ဝတ်၍ လက်နက်ကိုင်စွဲလျက် ဆင်မကို ကိုယ်စီစီး၍ ထက်ဝန်းကျင် မင်းကို ရံရသည်။ ကချေသည် ၁ သောင်း ၆ ထောင်တို့မှာလည်း သဘင်ခံလျက် မင်းကို ရံရသည်။ သည့်ပြင်မှာလည်း မှူးကြီးမတ်ကြီး ၈ သောင်း ရံရသည်။ သည့်ပြင်မှာလည်း မင်းသားအပေါင်း ၉ သောင်း ရံရသည်။ သည့်ပြင်မှာလည်း ပုဏ္ဏားအပေါင်း ၁ သောင်း အောင်ဆုကြွေးကြော်လျက် လိုက်ရသည်။ သည့်ပြင်


mgyoe.com

SAMPLE BOOK

မှာလည်း ဆင်ဦးချင်းယှက်ကာယှက်ကာ ဆင်စီးသူရဲ, သည့်ပြင်မှာလည်း မြင်းဦးချင်းယှက်ကာယှက်ကာ မြင်းစီးသူရဲ, သည့်ပြင်မှာလည်း ရထားဦးချင်း ယှက်ကာယှက်ကာ ရထားစီးသူရဲ, သည့်ပြင်မှာလည်း မောင်းချင်းယှက်ကာ ယှက်ကာ ခြေသည်သူရဲ, သည့်ပြင်မှာလည်း အက္ခောဘိဏီမျှလောက်သော စစ်သည်ရံလျက် ထွက်သည်။' ဟူ၍ သုတ်သီလက္ခန် အဋ္ဌကထာတွင်ဆိုသည် များမှာ– မြင်းကို ရထားရံကြောင်းကို အဋ္ဌကထာကျမ်းကြီးကျမ်းခိုင်တွင်ပင် ဆို၍ရှိသည်ကို ထောက်၍ နှလုံး ဖြေတော်မူသင့်သည်။

အက္ခောဘိဏီဖွဲ့မှာ စကားစဉ်အမိပ္ပာယ်ကား–

- ဆင်စီးသူရဲကောင်း ၉၀၀၀ တို့တွင် ၁ ယောက် ၁ ယောက်ကို မြင်းစီးသူရဲ ၁၀၀ စီ ရံရသည်။
- မြင်းစီးသူရဲ ၁ ယောက် ၁ ယောက်ကို ရထားစီးသူရဲ ၁၀၀ စီ ရံရသည်။
- ရထားစီးသူရဲ ၁ ယောက် ၁ ယောက်ကို သမီးကညာ ၁၀၀ စီ ရံရသည်။
- သမီးကညာ ၁ ယောက် ၁ ယောက်ကို အလုပ်အကျွေးမိန်းမ ၁၀၀ စီ ရံရသည်။

ဆင်ပေါင်း ၉၀၀၀, မြင်းပေါင်း ၉ သိန်း, ရထားပေါင်း ၉ ကုဋေ, သမီးကညာပေါင်း ကုဋေ ၉၀၀, အလုပ်အကျွေးမိန်းမပေါင်း ကုဋေ ၉ သောင်း ဖြစ်သည်။ ။ ၅ ရပ်ကိုပေါင်းသော် ကုဋေ ၉ သောင်း ၉ ရာ့ ၉ ကုဋေနှင့် အစွန်း ၉ သိန်း ၉ ထောင် ရှိသည်။ အက္ခောဘိဏီဖွဲ့။

သက္ကရာဇ် ၁၁၂၀ ပြည့် သီတင်းကျွတ်လတွင်
ရေမြေ့ရှင် အလောင်းမင်းတရားကြီးက မေးလျှောက်၍
အိမ်ရှေ့ဆရာတော်ဘုရား ဖြေတော်မူသည်။

♦


mgyoe.com

mgyoe.com
SAMPLE BOOK

# သတ္တမ ပုစ္ဆာ ၂ ချက်

မင်းလက်ဝဲနော်ရထာ လျှောက်ပါသည် ဆရာတော်ဘုရား။ ။

၁- အရှင်မဟာရဋ္ဌသာရ ဆိုတော်မူသည့် စတုဓမ္မသာရ*တွင် 'မာယာ ၄၀၊ အသွယ်သွယ်ဖြင့်၊ ပြုံးရယ်လိုလို၊ ဆိုသည်ပြပြ၊ မြိုးမြိုးမြတည့်' ဟူ၍ စပ်တော်မူသည်။ မာယာ ၄၀ ကို သချ်ာအရေအတွက် အဓိပ္ပာယ်နှင့် သိချင်ပါသည်။

၂- ပဉ္စသီ ၅ ပါးတွင် ကာမေသုမိစ္ဆာစာရကံ ဆိုသည် အဘယ်သို့သော မိန်းမ, အဘယ်သို့သောယောက်ျားတို့သည် ကာမေသုမိစ္ဆာစာရကံ ရောက်မည်။-ကိုလည်း သိချင်ပါသည် ဆရာတော်ဘုရား။

**သက္ကရာဇ် ၁၁၂၀ ပြည့် တန်ဆောင်မုန်းလတွင်
မင်းလက်ဝဲနော်ရထာက တောင်တွင်းဆရာတော်ကို လျှောက်သည်။**

*

* ၉ ခန်းပျို့လည်းတွင်။

mgyoe.com

SAMPLE BOOK

## သတ္တမ ဝိသဇ္ဇနာ ၂ ချက်

### ၁- မာယာ ၄၀ မည်သို့ရှိသည်။- အဖြေ

- ၁-ဝိဇ္ဈတိ, ၂-ဝိနမတိ, ၃-ဝိလာသတိ, ၄-ဝိလဇ္ဇတိ, ၅-နခေန နခံ ဃဋ္ဋေတိ, ၆-ပါဒေန ပါဒံ အက္ကမတိ, ၇-ကဋ္ဌေန ပထဝိံ ဝိလေခတိ, ၈-ဒါရကံ ဥလ္လင်္ဃေတိ, ၉-ဥလ္လင်္ဃာပေတိ, ၁၀-သိင်္ဃတိ။

၁-သိင်္ဃာပေတိ, ၂-ကီဠတိ, ၃-ကီဠာပေတိ, ၄-စုမ္ဗတိ, ၅-စုမ္ဗာပေတိ, ၆-ဘုဉ္ဇတိ, ၇-ဘုဉ္ဇာပေတိ, ၈-ဒဒါတိ, ၉-ယာစတိ, ၁၀-ကတမ နုကရောတိ။

၁-ဥစ္စံ ဘာသတိ, ၂-နီစံ ဘာသတိ, ၃-နစ္စေန ဂီတေန ဝါဒိတေန ရောဒိတေန ဝိလာသိတေန ဝိဘူသိတေန အဝိစ္စ ဘာသတိ ဝိဝိစ္စ ဘာသတိ, ၄-ဇဂ္ဃတိ, ၅-ပေက္ခတိ, ၆-ကဋိံ စာလေတိ, ၇-ဂုယှဘဏ္ဍကံ သဉ္စာလေတိ, ၈-ဦရုံ ဝိဝရတိ, ၉-ဦရုံ ပိဒဟတိ, ၁၀-ထနံ ဒဿေတိ။

၁-ကစ္ဆံ ဒဿေတိ၊ ၂-နာဘိံ ဒဿေတိ၊ ၃-အက္ခိံ နိခဏာတိ၊ ၄-ဘမုကံ ဥက္ခိပတိ၊ ၅-ဩဋ္ဌံ ဥပလိခတိ၊ ၆-ဇိဝှံ နိလ္လာဟတိ၊ ၇-ဒုဿံ မုဉ္စတိ၊ ၈-ဒုဿံ ပဋိဗန္ဓတိ၊ ၉-သိရသံ မုဉ္စတိ၊ ၁၀-သိရသံ ဗန္ဓတိ။ ။ပေါင်း ၄၀ ။

မာယာ ၄၀ ပါဠ်* ပြီး၏။

* ပါဠ် = ပါဠိတော်။ ပါဠိစကား။

mgyoe.com

ယောက်ျားတို့အား မိန်းမတို့ 'လှည့်ပတ်ခြင်း' ဟုဆိုအပ်သော မာယာ အပြားသည် ၄၀ ရှိသည်။ ၄၀ ဟူသော်ကား-

၁- ဝိဇမ္ဘတိ၊ ကိုယ်,လက်ကို ဆန့်၏။

၂- ဝိနမတိ၊ ညွတ်၏။

၃- ဝိလာသတိ၊ စံပယ်၏။

၄- ဝိလဇ္ဇတိ၊ ရှက်စနိုးကဲ့သို့ ပြု၏။

၅- နခေန နခံ၊ ခြေသည်း,လက်သည်းချင်းချင်း။ ဃဋ္ဋေတိ၊ ခြစ်၏။

၆- ပါဒေန ပါဒံ၊ ခြေချင်းချင်း။ အက္ကမတိ၊ နင်း၏။

၇- ကဋ္ဌေန၊ သစ်သားလုံ့တံဖြင့်။ ပထဝိံ၊ မြေကို။ ဝိလေခတိ၊ ခြစ်၏။

၈- ဒါရကံ၊ သူငယ်ကို။ ဥလ္လင်္ဃတိ၊ မြှောက်၏။

၉- ဥလ္လင်္ဃာပေတိ၊ မြှောက်စေ၏။

၁၀- သိင်္ဃတိ၊ နမ်း၏။ ။ ပေါင်း ၁၀ ရှိပြီ။

၁- သိင်္ဃာပေတိ၊ နမ်းစေ၏။

၂- ကီဠတိ၊ ကစား၏။

၃- ကီဠာပေတိ၊ ကစားစေ၏။

၄- စုမ္ဗတိ၊ ဘက်ယမ်း(ဖက်ရမ်း)၏။

၅- စုမ္ဗာပေတိ၊ ဘက်ယမ်း (ဖက်ရမ်း)စေ၏။

၆- ဘုဉ္ဇတိ၊ စား၏။

၇- ဘုဉ္ဇာပေတိ၊ စားစေ၏။

၈- ဒဒါတိ၊ ပေး၏။

၉- ယာစတိ၊ တောင်း၏။

၁၀- ကတံ၊ ပြုသည်ကို။ အနုကရောတိ၊ အတုလိုက်၍ ပြု၏။ ။ ပေါင်း ၂၀ ရှိပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

၁- ဥစ္စံ ဘာသတိ၊ မြင့်၍ဆိုဓါ။

၂- နီစံ ဘာသတိ၊ နိမ့်၍ဆိုဓါ။

၃- နဇ္ဇေန၊ ကခြင်းဖြင့်။ ဂီတေန၊ သီခြင်းဖြင့်။ ဝါဒိတေန၊ တီးမှုတ်ခြင်းဖြင့်။ ရောဒိတေန၊ ငိုခြင်းဖြင့်။ ဝိလာသိတေန၊ စံပယ်ခြင်းဖြင့်။ ဝိဘူသိတေန၊ တန်ဆာဆင်ခြင်းဖြင့်။ အဝိစ္စံ ဘာသတိ၊ ထင်စွာဆိုဓါ။ ဝိဝိစ္စံ ဘာသတိ၊ ကွယ်၍ဆိုဓါ။

(သည် ၂ ချက်ကို ပေါင်း၍ တစ်ခုတည်းယူ။)

၄- ဇဂ္ဃတိ၊ ပြင်းစွာရယ်ဓါ။

၅- ပေက္ခတိ၊ စောင်း၍ကြည့်ဓါ။

၆- ကဋိ၊ ခါးကို။ စာလေတိ၊ လှုပ်ဓါ။

၇- ဂုယှဘဏ္ဍကံ၊ လျှို့ဝှက်အပ်သောအင်္ဂါကို။ သဥ္စာလေတိ၊ ထက်ဝန်းကျင် လှုပ်ဓါ။

၈- ဦရုံ၊ ပေါင်ကို။ ဝိဝရတိ၊ ဖွင့်ဓါ။

၉- ဦရုံ၊ ပေါင်ကို။ ပိဒဟတိ၊ ဖုံးဓါ။

၁၀- ထနံ၊ သားမြတ်ကို။ ဒဿေတိ၊ ပြဓါ။ ။ ပေါင်း ၃၀ ရှိပြီ။

၁- ကစ္ဆံ၊ လက်ကတီးကို။ ဒဿေတိ၊ ပြဓါ။

၂- နာဘိံ၊ ချက်ကို။ ဒဿေတိ၊ ပြဓါ။

၃- အက္ခိံ၊ မျက်စိကို။ နိခဏတိ၊ မှိတ်ဓါ။

၄- ဘမုကံ၊ မျက်မှောင်ကို။ ဥက္ခိပတိ၊ ချီဓါ။

၅- ဩဋ္ဌံ၊ နှုတ်ခမ်းကို။ ဥပလိခတိ၊ ကိုက်ဓါ။

၆- ဇိဝှံ၊ လျှာကို။ နိလ္လာဟတိ၊ ထုတ်ဓါ။

၇- ဒုဿံ၊ အဝတ်ကို။ မုဥ္စတိ၊ ကျွတ်အောင်ပြုဓါ။

၈- ဒုဿံ၊ အဝတ်ကို။ ပဋိဗန္ဓတိ၊ ပြင်၍ဝတ်ဓါ။


mgyoe.com

mgyoe.com
SAMPLE BOOK

၉- သိရသံ၊ ဆံပင်ကို။ မုဋ္ဌတိ၊ ဖြေ၏။

၁၀- သိရသံ၊ ဆံပင်ကို။ ဗန္ဓတိ၊ ထုံး၏။ ။ ပေါင်း ၄၀ ရှိပြီ။

အသီတိနိပါတ် မဟာကုဏာလဇာတ်* ပါဠိတော် ပါဠ်အနက်။

ထို ၄၀ သောမာယာတို့တွင်

'ကိုယ်လက်ကို ဆန့်၏။' ဟူသည်ကား- ယောကျ်ားမြင်၍ 'ငါ ကိုယ်ဆန့်သည်ရှိသော် ထိုအမှတ်ဖြင့် အခွင့်ရသည်,မရသည်ကို ယောကျ်ား သိလိမ့်မည်။' ဟူ၍ ရှေးဦးစွာက ချိန်းချက်သည်ဖြစ်စေ, မချိန်းချက်သည်ဖြစ်စေ 'ဤသို့ပင် ငါပြုသည်ရှိသော် ငါ့အား တပ်နှစ်သက်လိမ့်မည်။' ဟူ၍ ယောကျ်ား အပါး၌ ရပ်လျက် 'ကိုယ်လက်ဆန့်သောအခြင်းအရာကို ပြုသည်။' ဟူ၏။

'ညွတ်၏။' ဟူသည်ကား- တစ်စုံတစ်ခုသောဝတ္ထုကို မြေ၌ချ၍ ကျသကဲ့သို့ ပြုပြီးလျှင် ညွတ်လျက် ကိုယ်လက်ကျောပြင်ကို မြင်စေသည်။

'စံပယ်၏။' ဟူသည်ကား- သွားခြင်း အစရှိသော ဣရိယာပုထ်တို့ဖြင့် လည်းကောင်း၊ တန်ဆာဆင်ခြင်းဖြင့် လည်းကောင်း စံပယ်ပျောင်းပျသော အခြင်းအရာကို ပြသည်။

'ရှက်စနိုးသကဲ့သို့ ပြု၏။' ဟူသည်ကား- ရှက်စနိုးသကဲ့သို့ အဝတ်ဖြင့် ကိုယ်ကိုဖုံးလွှမ်းသည်။ ထရံ,နံရံကို မှီကပ်၍ နေသည်။

'ခြေသည်း လက်သည်းချင်း ခြစ်၏။' ဟူသည်ကား- ခြေသည်းကို ခြေသည်းချင်း, လက်သည်းကို လက်သည်းချင်း ခြစ်၍လှည့်ဖြားသည်။

'သူငယ်ကို မြှောက်၏။' ဟူသည်ကား- မိမိသားငယ်ကို ဖြစ်စေ၊ သူတစ်ပါး၏သားငယ်ကို ဖြစ်စေ ချီ၍မြှောက်သည်။

'မြှောက်စေ၏။' ဟူသည်ကား- သူတစ်ပါးကို တိုက်တွန်း၍ သူငယ်ကို မြှောက်စေသည်။

'နမ်းသည်။ ကစားသည်။' အစရှိသည်မှာလည်း ဤအတူပင်တည်း။

* ၅၅၀ ဇာတ်တော်စဉ် ၅၃၆။

mgyoe.com

mgyoe.com
SAMPLE BOOK

'ပေး၏။'ဟူသည်- သူငယ်အား တစ်စုံတစ်ခု, သစ်သီးသစ်ပွင့်ကို ပေးသည်။

'တောင်း၏။'ဟူသည်ကား- သူငယ်အား မိမိပေးပြီးသောဝတ္ထုကို တစ်ဖန် တောင်းဟန် ပြုပြန်သည်။

'အတုပြု၏။'ဟူသည်ကား- သူငယ်ပြုသောအမှုကို အတုလိုက်၍ ပြု သည်။

'မြှင့်၍ ဆို၏။'ဟူသည်ကား- ယောကျ်ားအား မြင့်သောအသံ နှစ်သက် ဖွယ်သောစကားဖြင့် မြှင့်၍ဆိုသည်။

'နှိမ့်၍ ဆို၏။'ဟူသည်ကား- ယောကျ်ားအား ညင်းညင်းသောအသံ, မနှစ်သက်ဖွယ်သောစကား, ရှုတ်ချသောစကားဖြင့် နှိမ့်၍ဆိုသည်။

'က,ခြင်း အစရှိသည်ဖြင့် ထင်စွာဆို၏။'ဟူသည်ကား- များစွာသောလူ အပေါင်းအလယ်၌ မဖုံးမကွယ် အထင်အရှားစကားပြောဆိုသည်။

'ကွယ်၍ ဆို၏။'ဟူသည်ကား- ဆိတ်ငြိမ်ရာအရပ်၌ ကခြင်း,သီခြင်း အစရှိသည်ဖြင့် ဖြားယောင်း၍ပြောဆိုသည်။

'ပြင်းစွာရယ်၏။'ဟူသည်ကား- ပြင်းစွာရယ်၍ နိမိတ်အမှတ် ပြုသည်။

'ဆံကို ဖြေ၏။'ဟူသည်ကား- ထုံးပြီးသောဆံကို ဖြေသည်။

'ဆံကို ထုံး၏။'ဟူသည်ကား- ဖြေပြီးသောဆံကို ထုံးပြန်သည်။

ဤ ၄၀ သောမာယာတို့ကို မိမိကြိုက်နှစ်သက်သောယောကျ်ားကို မှတ်၍ လည်း ပြု၏။ အမှတ်မရှိဘဲ မြင်သမျှသောယောကျ်ားသည် တပ်မက်မောလေစေ၊ နှစ်သက်လေစေ ဟူ၍လည်း ပြု၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား မထင်ရာသို့ လိုက်၍ဖွင့်သော အဋ္ဌကထာစကားတည်း။

## ၂- ကာမေသု မိစ္ဆာစာရကံ မည်သူတို့ထိုက်သည်။- အဖြေ

ယောကျ်ားတို့မလားအပ်သော မိန်းမအပြားသည် ၂ ကျိပ်တည်း။ ၂ ကျိပ် ဟူသည်ကား-

၁- အမိစောင့်သောမိန်းမလည်း ၁ ယောက်။

၂- အဖစောင့်သော မိန်းမ။